# လူငယ်များသို့ ...

ဦးတင်ဦး (ကျူရှင်)



လူငယ်များ အမှောင်ထဲမှာ မနေချင်ကြပါနှင့်။ အကြောက်တရားတွေနှင့် မနေချင်ကြပါနှင့်။ စာဖတ်ကြရပါမည်။ စာဖတ်မှ အလင်းထဲ ရောက်နိုင်သည်၊ ကမ္ဘာကြီးကို မြင်နိုင်သည်၊ သတ္တိရှိလာနိုင်သည်။

နိဒါန်း

လူငယ်များသည် ကိုယ့်စိတ်ကို အရောင်လက်လာအောင် စိတ်ကောင်းတွေ မွေးရပါမည်။ မိမိစိတ်မှာ စိတ်ကောင်းစိတ်သန့်တွေ အားကြီးလာလေလေ စိတ်ဓာတ်ခွန်အား တက်လာလေလေ ဖြစ်ပါ၏ ။ စိတ်ဓာတ်ခွန်အားကောင်းတွေ ရလာသည်နှင့်အမျှ မိမိတို့စိတ်မှာလည်း ကြံ့ခိုင်လာပေလိမ့်မည်။ စိတ်ဓာတ် ကြံ့ခိုင်လာလျှင် ဘဝကိုလည်း နေရဲလာပေလိမ့်မည်။ စိတ်ဓာတ် ကြံ့ခိုင်သူများ နိုင်ငံရေးလုပ်လျှင်လည်း နောက်ဆုံး၌ အောင်မြင်မှုများ ရသွားပါလိမ့်မည်။

**လူငယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှု မှ**

***

အသိပညာကို အတွေ့အကြုံနှင့်ရော မရနိုင်ဘူးလားဟု မေးဖွယ်ရှိသည်။ အတွေ့အကြုံနှင့် ရနိုင်တာလည်း ရှိပါ၏ ။ သို့ရာတွင် တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ် မိန့်ဆိုသကဲ့သို့ အတွေ့အကြုံမှ ရသော ပညာသည် ခါးသီးလှပါသည်။ ကမ္ဘာကို လှည့်ပတ်တောင်းနေရသော အခါတွင်မှ တို့နိုင်ငံ ဆင်းရဲသွားပေပြီတကား ဟူသော အသိမျိုးကား အလွန်ခါးသီးဖွယ် ကောင်းလှပါသည်။ အမှန်ကတော့ ကမ္ဘာကြီးကို မျက်လုံး ဖွင့်ကြည့်ပြီး တို့ ဘာတွေ လုပ်ကြကိုင်ကြမှ ဖြစ်မည်ဟူသော အသိမျိုးကို ကိုယ့်နိုင်ငံ အာရှမှာတောင် ဘိတ်ဆုံးအဆင့် ရောက်မသွားမီကတည်းက သိကြရမှာ ဖြစ်သည်။

**လူငယ်နှင့် စာဖတ်ခြင်း မှ**

***

မကောင်းတာကို လျစ်လျူရှုတတ်သူသည် မညည်းညူတတ်ဘဲ အလုပ်လုပ်ရင်း ပျော်အောင် နေသွားတတ်ပါသည်။ အဆိုးတွေထဲမှ အကောင်းကို ရှာယူသွားတတ်ပါသည်။ မုန်တိုင်းကျလာတာကိုလည်း မကြောက်တတ်၊ မုန်တိုင်းသည် ကြာရှည် ဖြစ်နေမြဲ မဟုတ်၊ မုန်တိုင်းစဲသွားလျှင် သာယာသော ရာသီဥတု ဖြစ်ပေါ်လာလိမ့်မည်ဟု တွေးတတ်သွားသည်။ ကောင်းကင်ကြီး၌ တိမ်တွေ ဆိုင်းထားသော်လည်း တိမ်မည်းတွေကို မကြည့်ဘဲ တိမ်တွေ၏ နောက်မှ နေရောင်ခြည်ကို ဉာဏ်မျက်စိမှာ မြင်အောင် ကြည့်သွားတတ်ပါသည်။ ဆူးကို ကြည့်မနေတတ်မှ နှင်းဆီ၏ အလှကို မြင်နိုင်ပါသည်။

**လူငယ်နှင့် အတွေးအမြင် မှ**

***

အောင်စိတ် ဆိုသည်မှာ ကိုယ်နှင့် စီးပွားပြိုင်ကို မနာလိုဝန်တိုစိတ်နှင့် ယှဉ်ပြိုင်ခြင်းမျိုးကို ဆိုလိုခြင်းမဟုတ်ပါ။ သူတစ်ပါးကို မနာလိုသောစိတ်မျိုးမှာ စွမ်းအားအများကြီး ရှိသော မိမိစိတ်၏ စွမ်းအင်ကို အခြားပြင်ပတစ်နေရာတွင် ဖြုန်းတီးပစ်ခြင်းမျိုး ဖြစ်ပါသည်။ အနာလိုစိတ် ထားတတ်သူတို့သည် ထက်မြက်သော စိတ်စွမ်းအင်ကောင်းမျိုး မရှိတတ်ပါ။ အဖိုးတန်စိတ်စွမ်းအင်ကို မပြုန်းတီးစေလိုလျှင် မိမိနှင့် လုပ်ငန်းတူအပေါ် မနာလိုစိတ်နှင့် ယှဉ်ပြိုင်ခြင်းမျိုး မပြုဘဲ ကိုယ့်အလုပ်ကို မနေ့ကထက် ကနေ့ ပို၍ ကောင်းအောင် ကြိုးစားလိုသောစိတ်ကို မြှင့်တင်ပေးရပါမည်။ စိတ်ကြည်စိတ်ကောင်း ထား၍ ကိုယ့်ကိုယ်ကို ပြိုင်နေသောသူတစ်ဦးသည် မုချ အောင်မြင်ပါလိမ့်မည်။

**လူငယ်နှင့် အောင်စိတ် မှ**

***

# အမှာစာ

ကျွန်တော်သည် ၁၉၉၈ ခုနှစ်မှစ၍ စာစောင်မဂ္ဂဇင်း အမြောက်အမြားတို့၌ စာများ တရစပ် ရေးသားခဲ့ရာ ယခုဆိုလျှင် ဆောင်းပါးပုဒ်ရေ ၂၀၀၀ ကျော် ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ စာစောင် မဂ္ဂဇင်း အများအပြားတို့တွင် အပတ်စဉ်၊ လစဉ် ဆောင်းပါးများ အဆက်မပြတ် ရေးသားနေရင်းကပင်လျှင် ထုတ်ဝေသူများ အပ်နှံသော အင်္ဂလိပ်စာအုပ်များကိုလည်း ဘာသာပြန်ခဲ့သေးသည် ဖြစ်၍ ဘာသာပြန်စာအုပ် ၈ အုပ်လည်း ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ အင်္ဂလိပ်စာနှင့် ဆိုင်ရာများကို ရေးသားခဲ့သည့် ဆောင်းပါးများကို စုဆောင်း၍ ပြန်လည်ထုတ်ဝေထားသည့် စာအုပ်နှင့် ၁၀ တန်းကျောင်းသားများ စာမေးပွဲတွင် ဖြေဆိုရသည့် ဝါကျပိုင်းဆိုင်ရာ မေးခွန်းအတွက် သီးသန့်ရည်ရွယ်၍ ရေးသားသော အင်္ဂလိပ်စာအုပ်ငယ် တစ်အုပ်ကိုလည်း ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ရေးသားပြီး ဆောင်းပါးများထဲမှ သင့်နိုးရာတို့ကို ပြန်လည် စုစည်းပြီး ထုတ်ဝေသည့် ဆောင်းပါးပေါင်းချုပ်များမှာမူ စာဖတ်သူ လက်ဝယ်သို့ ရောက်ရှိနေသည့် ယခု စာအုပ်နှင့်ပါ ဆိုလျှင် အုပ် ၂၀ ရှိပါပေပြီ။

ကျွန်တော်၏ ထုတ်ဝေပြီးစာအုပ် ၃၀ အနက် ဖော်ပြပါ ဆောင်းပါးပေါင်းချုပ်ထဲမှ အုပ် ၂၀ မြောက် ဤစာအုပ်သည် တစ်မူထူးခြားသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် (၁၇ အုပ်မြောက် `တိုက်ရုံနှင့် မပြီး၊ ပြည်သူတို့နှင့် တစ်သားတည်းကျမှ ပျိုတိုင်း ကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်မည်' နှင့် ၁၈ အုပ်မြောက် `ရှေ့မတိုးမှာ စိုးပါသည်' ဟူသော နိုင်ငံရေးနှင့် ဆိုင်ရာ စာအုပ်များကို ဖယ်လိုက်လျှင်) ကျန်ဆောင်းပါး ပေါင်းချုပ်များမှာ အကြောင်းအရာ အမျိုးမျိုးတို့ကို

စိတ်ကူးရသလို ရေးသားလာခဲ့သော ဆောင်းပါးတွေထဲမှ ရွေးချယ်၍ စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်၍ ရည်စူးစာဖတ်ပရိသတ် သတ်သတ်မှတ်မှတ် ဟူ၍ မရှိခဲ့ပေ။ တစ်နည်းအားဖြင့် ထိုဆောင်းပါး ပေါင်းချုပ်များမှာ ရဟန်းရှင်လူ မည်သူမည်ဝါအတွက် ဟူ၍ ရည်စူးချက် သီးသန့်မထားသော အထွေထွေ ဆောင်းပါးပေါင်းချုပ် စာအုပ်များ ဖြစ်ကြသည်ဟု ဆိုနိုင်သည်။ ယခုစာအုပ်ကား ထိုသို့မဟုတ်ဘဲ မူလ ရေးစဉ်ကတည်းကပင် လူငယ်ပရိသတ်ကို အဓိကထား ရည်စူး ရေးသားခဲ့သော ဆောင်းပါးများကိုချည်း ပြန်လည်စုစည်း ထုတ်ဝေလိုက်သော ဆောင်းပါးများ ဖြစ်ပေသည်။

ထို့ကြောင့် ယခင်စာအုပ်များနှင့် မတူ တစ်မူထူးခြားသည်ဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

စာဖတ်သူများသည် ဤစာအုပ်၏ မာတိကာကို ကြည့်လိုက်လျှင်ပင် လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် မေတ္တာတရား၊ လူငယ်နှင့် အသိဉာဏ် ဖွံ့ဖြိုးရေး၊ လူငယ်နှင့် ဘာသာရေး စသည်ဖြင့် ဆောင်းပါးခေါင်းစဉ်များကို တွေ့ရပေလိမ့်မည်။ ထိုအချက်ကို ထောက်ရှုလျက် ဤဆောင်းပါးများကို မူလ ရေးသားစဉ်ကတည်းကပင် `လူငယ်များ’ ကို သီးသန့် ရည်စူးချက် ထား၍ ရေးသားခဲ့ခြင်း ဖြစ်ကြောင်း တွေးမိနိုင်ပေလိမ့်မည်။

သို့ဖြစ်လျှင် ကျွန်တော်သည် မူလ ရေးစဉ်ကတည်းက အခြား အခြားသော ဆောင်းပါး များမှာကဲ့သို့ ကြုံသလို ခေါင်းစဉ် မတပ်ဘဲနှင့် အဘယ်ကြောင့် `လူငယ်များနှင့်...’ ဟူ၍ ခေါင်းစဉ် တပ်ခဲ့သနည်းဟု မေးစရာ ရှိသည်။

အတိုဆုံး ဖြေရလျှင် ကျွန်တော့်စိတ်တွင် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှု သမိုင်းစဉ်တွင် လူငယ်များသည် အလွန်အရေးပါသော အင်အားစု ဖြစ်သည်ဟု ယုံကြည် သောကြောင့် ဖြစ်သည်။

တစ်ဆင့်တက်၍ မေးဖွယ်ရှိပြန်သည်။ သို့ဖြစ်လျှင် လူကြီးများကရော အားမကိုးရ ပေဘူးလား။ ဤမေးခွန်းကို စိတ်ထဲ ရှိသလောက် ဖြေရပါလျှင် လူကြီးတွေကို အားနာစရာ ဖြစ်ပေလိမ့်မည်။ လူကြီး ဆိုတာလည်း တစ်ချိန်တုန်းကတော့ နိုင်ငံက အားထားလောက်ဖွယ် နုပျိုသော ခွန်အားရှိသည့် လူငယ်များ ဖြစ်ကြပါပေသည်။ သို့ရာတွင် လူကြီး ဆိုသည်မှာ လူငယ်ဘဝတွင် ကျေနပ်စရာကောင်းလောက်သော သူများ ဖြစ်ခဲ့သည် ဆိုသည့်တိုင်အောင် ကြီးလာသောအခါ သိပ်မဟုတ်ချင်တော့တတ်သည့် သဘာဝ ယေဘုယျအားဖြင့် ရှိပေသည်။ သမိုင်းနှင့်အတူ လိုက်ပါ၍ ကြီးလာနိုင်သူသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လို ပုဂ္ဂိုလ်အနည်းစုသာ ရှိပေသည်။

အချို့လူကြီးများသည် သံပုရာသီးများကဲ့သို့ ကြီးလေ ချဉ်လေ သဘောမျိုးတောင် ဖြစ်သွားတတ်၏။ အချို့လူကြီးများသည် အသက်အရေအတွက်သာ တိုးလိုက်လာနေသည်ဟု ဆိုရသော်လည်း တကယ်တော့ ကြီးနေခြင်းမျိုး မရှိတော့၊ အိုလာနေခြင်းသာ ဖြစ်သည်။ ထိုသို့သော လူကြီးလူအိုများသည် သူ့ဘဝတွင် ကြီးမလာတော့ဘဲ တစ်နေရာရာတွင် ရပ်တန့်နေခဲ့တော့ပြီ ဖြစ်သည်။

ဤအချက်ကို မြန်မာ့သမိုင်းမှ သာဓကအချို့နှင့် ဆောင်ပြပါမည်။ နောင်အခါတွင် ဘကြီးဘဖေဟု ဖြစ်လာသော မောင်ဘဘေသည် တက္ကသိုလ်ကျောင်းသားဘဝတွင် ဗုဒ္ဓဘာသာအသင်းကို ထောင်ခြင်း၊ နောင် ဝိုင်အမ်ဘီအေ ဟူသော အသင်းကို အခြားလူငယ်များနှင့် စတင်ထူထောင်ခဲ့ကြခြင်းတို့ဖြင့် နိုင်ငံရေးဘဝကို စခဲ့ပြီး ၁၉၁၉ ခုနှစ်သို့ ရောက်သော် `ဩော် ပြေအမူပေမို့၊ ငွေခရင်ယ်နှင့်၊ ဇေယျတုပါကွဲ့၊ သပြေနုချိန် တင်ရန်ပန်းတွေကလဲ မျှားလိုက်ပါဘိသနှင့် ဖေ-ပု-ရှိန် အင်္ဂလန်နန်းမြေ အသွားတို့မှာဖြင့်� ဟူ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း (မစ္စတာမောင်မှိုင်း) က ချီးကျူးဂုဏ်ပြုခဲ့ရသူ ဖြစ်လာသော်လည်း ကြီးလာသောအခါ သိပ်မဟုတ်တော့ပေ။

ဗိုလ်ချုပ်အောင်ဆန်းက အစိုးရအဖွဲ့ထဲ၌ လူကြီးတစ်ဦးအနေဖြင့် နေရာပေး၍ ဝန်ကြီး တစ်နေရာတွင် ခန့်ထားပေးခဲ့သော်လည်း နောက်တော့ ထုတ်ပစ်ရသည့် အခြေအနေသို့ ရောက်သည်။

ဒေါက်တာဘမော်သည် ဂျပန်ခေတ်အစိုးရတွင် သူ အဓိပတိ လုပ်နေချိန်၌ သခင်လူငယ်တွေ လေးစားလောက်သော အပြုအမူများကို ပြုခဲ့ပါသော်လည်း ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်မှ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ပြီး ပြန်လာ၊ တိုင်းပြုပြည်ပြု ရွေးကောက်ပွဲလုပ် စသော လွတ်လပ်ရေး ရယူရေး လုပ်ငန်းစဉ်များတွင် ပါဝင်ထောက်ခံခြင်း မပြုနိုင်တော့ပေ။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းကို ဆန့်ကျင်ခဲ့ကြသည့် စော၊ စိန်၊ မော် (ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဘမော်) တို့သည် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသည့် ၁၉၄၇ ခုနှစ်ကတည်းက ဇာတာနှစ်တွေသာ ကြီး၍ အိုလာနေကြပြီး နိုင်ငံရေးအမြင်ကတော့ ရပ်သွားခဲ့ကြပြီ ဖြစ်ပေသည်။

ဦးနေဝင်းသည် အသက် ၉၀ ကျော်သာ လူ့ပြည်မှာ နေသွားသော်လည်း တကယ်တော့ နောက်ပိုင်းနှစ်တို့သည် ကြီးလာခြင်းမဟုတ်၊ အိုနေခြင်းသာ ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် သူ့မဆလပါတီ၏ စီးပွားရေးမူဝါဒများကို ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံတွင် ပြည်တွင်း ကုန်ကြမ်းဖြင့် ထုတ်လုပ်သော စက်မှုလက်မှုလုပ်ငန်းများကို ဦးစားပေးသွားမည့် သဘောကို တွေ့ရလေသည်။ ထိုမူဝါဒအရ ဆိုလျှင် မြန်မာနိုင်ငံတွင် စပါးကုန်ကြမ်းဖြင့် ထုတ်လုပ်သည့် ဆန်စက်၊ သစ်လုံး ကုန်ကြမ်းကို ခွဲစိတ်သော သစ်ခွဲစက်တို့ထက် ပိုသော စက်မှုလက်မှု လုပ်ငန်းမျိုး ထွန်းကားဖွယ် မရှိချေ။ ဘယ်တိုင်းပြည်ကမှ တင်သွင်းရခြင်း မရှိသည့် မြေကြီးကို ကုန်ကြမ်းဖြင့် ထုပ်လုပ်ရသော အုပ်စက်လောက်သာ ထွန်းကားဖွယ် ရှိသည်။ ကျွန်တော်တို့သည် ထိုစဉ်ကတည်းက ဤတိုင်းပြည်တွင် လူကြီးဟူ၍ အားကိုးစရာ သိပ်မမြင်ရတော့ဘဲ ကုလားထိုင်ပေါ်ကလည်း ဆင်းပေးကြမည် မဟုတ်သော လူအိုတွေကိုသာ မြင်တွေ့နေကြရမှာပါကလား... ဟူ၍ အတော်ကြီး

စိတ်ပျက်မိဖူးပေသည်။

တကယ်တော့ ကမ္ဘာနှင့် ရင်ပေါင်တန်းဖို့ ဆိုလျှင် ကမ္ဘာ့မိသားစုထဲမှာ ဝင်ဆံ့အောင် လုပ်ရမှာ ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးဟူသော အခြေခံကုန်ထုတ်လုပ်မှုမှ ကုန်ချောတွေ ထုတ်လုပ်နိုင်သည့် စက်မှုလက်မှုလုပ်ငန်း ထူထောင်သော ဒုတိယအဆင့်၊ ထိုမှတစ်ဆင့် ကွန်ပျူတာဆော့ဖ်ဝဲ စသော အဆင်မြင့် နည်းပညာဟူသော တတိယအဆင့် ကုန်ထုတ်လုပ်ငန်းတွေကို သွားကြရမှာ ဖြစ်သည်။ လယ်ကန်သင်းခုံပေါ် ဆိုဖာ ဆက်တီခုံတွေချ၍ ထိုင်ကာ စုပေါင်းကောက်စိုက်ပွဲကိုလောက်ပဲ အလံတလူလူနှင့် လုပ်နေကြခြင်းလောက်တွင် မွေ့လျော်နေကြရမှာ မဟုတ်ပေ။ ကျွန်တော်တို့သည် ကမ္ဘာကြီး ဘယ်ကိုသွားနေသည်ကို မကြည့်နိုင်ကြ၍ ကိုယ့်မာနနှင့်ကိုယ် ကမ္ဘာနှင့် အဆက်အသွယ် ဖြတ်ကာ ကိုယ့်ဘာသာ အထီးကျန်ဘဝဖြင့် ဆင်းရဲတွင်းသို့သာ နက်သထက်နက်အောင် ဆင်းလာခဲ့ကြရခြင်းမှာ တိုင်းပြည်မှာ လူကြီးဆိုသူတွေက အားကိုးလောက်စရာ မဖြစ်ကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အသက် ၅၈ နှစ်အရွယ် ရောက်မှ စာ စ,ရေးလာသူ ကျွန်တော်သည် ကိုယ် အသက်ရလာပုံနှင့် ပြန်တိုင်းကြည့်ကာ များစွာသော လူကြီးတို့သည် အားကိုးလောက်စရာ မဟုတ်မှန်း သိပါသည်။

တကယ်တော့ အသက် နှစ်တွေ တိုးလာခြင်းနှင့်အတူ အတွေ့အကြုံတွေ ကြွယ်ဝလာကာ မှန်ကန်သော အတွေးအမြင်တွေ ကျယ်ပြန့်လာရမှာ ဖြစ်သည်။ ကိုယ့်အမှားတွေကို ပြင်ရဲကာ လူငယ်တွေအား မှန်ကန်သောလမ်းကို ပြပေးရမှာ ဖြစ်သည်။ အသက်နှင့်အတူ ကိုယ်ကျင့်သီလတွေ ပို၍ ဖြူစင်လာကာ လူငယ်တွေအား နမူနာကောင်းတွေ ပြရမှာ ဖြစ်သည်။ တိုင်းပြည်၏ သယံဇာတ အရင်းအမြစ်တွေ၊ ဘဏ္ဍာတွေမှ ထင်သလို ကိုယ်ကျိုးရှာရင်း တိုင်းပြည်ကို ချစ်ကြဟု အော်နေကြရမှာ မဟုတ်ပေ။

ထို့ကြောင့် တစ်ဆင့်တက် မေးဖွယ်ရှိသည့် ဒုတိယမေးခွန်းကို

ဖြေရလျှင်လည်း တိုင်းပြည်ဆီက ညှစ်ယူထားကြပြီး တိုင်းပြည် ချစ်ခိုင်းနေသော လူကြီးမျိုးတွေကိုလည်း အားကိုး၍ မဖြစ်နိုင်ပြန်ဟု ဖြေရမည် ဖြစ်သည်။

သို့ဖြစ်၍ စာဖတ်သူများ မေးဖွယ်ရှိသည့် မေးခွန်းနှစ်ရပ်ကို ပေါင်းစပ်၍ ဖြေရပါသော် ကိုယ်ကိုယ်တိုင် လူကြီးတန်းထဲသို့ ဝင်နေသော ကျွန်တော်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို သိပ်မဟုတ်လှကြောင်း သိနေသည့်အားလျော်စွာ လူငယ်များအပေါ် မျှော်လင့်ချက်ထားလျက် `လူငယ်များနှင့်...' အစချီသော ဆောင်းပါးများကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုခေါင်းစဉ်ဖြင့် ကဗျာဆရာ မောင်ဖီလာ အယ်ဒီတာ လုပ်သော Advertisement's Journal တွင် စတင်ရေးသားခဲ့ပါသည်။ ပထမတစ်ပုဒ်ကို ရေးသားခဲ့ရာ အယ်ဒီတာက နောင်ထပ်လည်း ထိုဆောင်းပါးမျိုးတွေ လိုချင်သော ဆန္ဒရှိနေမှန်း သိ၍ ဖော်ပြပါ `လူငယ်များနှင့်...' ဆောင်းပါးများကို ဂျာနယ်ရပ်သွားချိန်အထိ ဆက်လက် ရေးသားခဲ့ပါသည်။

Eternal Light မဂ္ဂဇင်းကလည်း မဂ္ဂဇင်း ထွက်စကတည်းကပင် ကျွန်တော့်ထံမှ စာမူ တောင်းရာတွင် သူတို့ ရေးသားပေးစေလိုသော အကြောင်းအရာကို ထိုကဲ့သို့ပင် လူငယ်နှင့် ဘာ... ဟူသော ခေါင်းစဉ်မျိုး တပ်၍ တောင်းခဲ့ပါသည်။ အမှန်အတိုင်း ပြောရလျှင် စာရေးဆရာကို ဘာရေးပေးပါ ဟူ၍ တောင်းဆိုသည်မှာ ဘောင်ခတ်ပေးထားသလို ရှိ၍ ကျွန်တော် မရေးချင်ပါ။ မရေးချင်ပါ ဆိုသည်မှာ စာမရေးချင်ခြင်းကို ဆိုလိုခြင်း မဟုတ်။ ကျွန်တော့်ကို ဘောင်ခတ်ခိုင်းသော အလုပ်မျိုးကို မလုပ်လိုဟု ဆိုလိုခြင်း ဖြစ်သည်။

သို့ရာတွင် သူတို့ ခေါင်းစဉ်တပ်ပေးသော အကြောင်းအရာက ကျွန်တော်ဘာသာ လွတ်လပ်စွာ ရေးရမည် ဆိုလျှင်လည်း ကျွန်တော်ရေးလိုသော လူငယ်များနှင့်စပ်ရာ ခေါင်းစဉ်မျိုး ဖြစ်နေသဖြင့် ကျွန်တော် ငြင်းမနေတော့ဘဲ ရေးသားခဲ့ရာ ယခု ဤစာအုပ်တွင် ဖော်ပြထားသော ဆောင်းပါးတို့တွင် Ethernal Lgiht မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဆောင်းပါးများက အများစု ဖြစ်နေကြောင်း

တွေ့ကြရပါမည်။

ဤသို့ ရည်စူးပရိသတ် သီးသန့်အနေမျိုးဖြင့် `လူငယ်များနှင့်...' ဟူသော ဆောင်းပါးများ စာတစ်အုပ်စာမကအထိ ဖြစ်လာခြင်းအတွက်ကိုလည်း မူလက စာမူတောင်း ဖော်ပြပေးခဲ့ကြသော စာစောင် မဂ္ဂဇင်းများကို ကျေးဇူးစကား ဆိုရမည် ဖြစ်ပါသည်။ ဤစာအုပ်ကို စာဖတ်ပရိသတ် လက်ဝယ်သို့ အရောက်ပို့ပေးသော Wisdom House ကိုလည်း ကျေးဇူးစကား ဆိုရပါမည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

လူငယ်များကို ရည်ညွှန်းခေါင်းစဉ် တပ်ထားသော်လည်း လူကြီးများ မဖတ်ရဟု အမိန့်ပွါယ်မရပါ။

လူငယ်များသည် နိုင်ငံ့အတွက်၊ မိမိဘဝအတွက် စွမ်းဆောင်နိုင်သော လူထက် လူမော်လူကောင်းများ ဖြစ်လာဖို့ မျှော်လင့်ပါသည်။

အသက်တွေ ရလာလျှင်လည်း အိုမသွား၊ သံပုရာသီး ဖြစ်မသွားဘဲ တကယ့် ကြီးရင့်သော ပုဂ္ဂိုလ်ကြီးများ ဖြစ်လာနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

**ဦးတင်ဦး (ကျူရှင်)**

**၂၀၁၅ ခုနှစ်၊ မေလ (၂၀) ရက်**

***

# လူငယ်နှင့် ယဉ်ကျေးမှု

ယနေ့အခါတွင် ကမ္ဘာကြီးသည် ၂၀ ရာစုတုန်းက အခြေအနေမျိုးနှင့် သိသိသာသာ ခြားနားလာလောက်အောင် နည်းပညာတွေ တိုးတက်လာ၊ ဆက်သွယ်ရေးစနစ်တွေ ကောင်းလာသဖြင့် ကမ္ဘာကြီးတစ်ခုလုံးကိုပင် ကျေးရွာတစ်ခုလောက် သဘောထားရသည့် အနေမျိုး ရောက်လာသည်။

ယင်းအခြေအနေမျိုးကို ခေါ်သော Global Village ဟူသည့် ဝေါဟာရမျိုးပင် ပေါ်လာသည်။ အဓိပ္ပါယ်မှာ ကမ္ဘာကြီး တစ်ခုလုံးသည်ပင်လျှင် လူမှုအသိုင်းအဝိုင်းတစ်ခု (a single community) လို ဖြစ်လာသည်ဟု ဆိုလိုပါသည်။

Global village လို အနေအထားမျိုး ရောက်လာခြင်းကို globalized ဖြစ်လာသည် ဟုလည်း ပြောဆိုလာကြသည်။

ကမ္ဘာကြီးက ထိုသို့ ဂလိုဘယ်လိုက်စ် ဖြစ်လာခြင်းကြောင့် ယဉ်ကျေးမှုတွေချင်း ထိတွေ့မှုသည် ရှေးယခင်ကထက် အဆမတန် ပိုလာမည် ဖြစ်ပေသည်။

ယဉ်ကျေးမှုချင်း ထိတွေ့ပွတ်တိုက်မှု များလာသည့်အခါ ပွတ်တိုက်မှုကို မခံနိုင်သည့် ယဉ်ကျေးမှုက သဘာဝအားဖြင့် ယိုင်သွားဖို့ ရှိသည်။ ကိုယ့်ယဉ်ကျေးမှုကို ထူမတ်နေအောင် မလုပ်နိုင်လျှင် ယိုင်ရုံမက ပြိုလဲ၍ သွားနိုင်သေးပေသည်။

ဤသဘာဝမှာလည်း လူ့ယဉ်ကျေးမှုသမိုင်းတွင် အဆန်းကြီးတော့ မဟုတ်ပါပေ။ အားကြီးသော ယဉ်ကျေးမှုက အားသေးသော ယဉ်ကျေးမှုအပေါ် လွှမ်းမိုးသွားမြဲ ဖြစ်သည်။

ယဉ်းကျေးမှုတို့သည် ဘယ်အခါတွင် အားကောင်းလာတတ်သနည်း ဆိုသော် စီးပွားရေး တောင့်တင်းအားကောင်းသော လူ့အဖွဲ့အစည်းသည် ယဉ်ကျေးမှု၏ ပင်စည်၊ အကိုင်း၊ အခက်များ ဖြစ်သော စာပေ၊ အနုပညာ၊ အတတ်ပညာများကို တိုးတက်ဖွံ့ဖြိုးလာရန် အခွင့်သာသော အချိန်မျိုးတွင် အားကောင်းလာတတ်သည်။

ဤအချက်ကို အနီးကပ်ဆုံး သာဓကအဖြစ် မြန်မာနိုင်ငံသို့ ဝင်လာသော ကိုရီးယားရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများဖြင့် သာဓကဆောင်ကြည့်နိုင်သည်။ ကိုရီးယားသည် ၁၉၅၀ ကျော် နှစ်များအတွင်းက တောင်-မြောက် စစ်ဖြစ်နေကြ၍ အလွန်အတိဒုက္ခ ရောက်ခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေး ကောင်းစွာ မလုပ်နိုင်၍ မြန်မာနိုင်ငံမှ ဆန်ကို မှာယူတင်သွင်းပြီး စားနေခဲ့ရသည်။ ထိုစဉ်က မြန်မာနိုင်ငံသည် ပြည်တွင်းစစ် ဖြစ်နေလျက်ကြားကပင် အရှေ့တောင်အာရှတွင် စီးပွားရေးအရ၊ ပညာရေးအရ အကောင်းဆုံးနိုင်ငံ ဖြစ်နေဆဲ ဖြစ်သည်။

မြန်မာနိုင်ငံမှ ဘဂသံသရာ ရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

သို့ရာတွင် တိုင်းပြည်ကို လက်နက်ဖြင့် ကယ်တင်လိုကြသူများကြောင့် ယနေ့အခါ အာရှတွင် ကိုယ့်အောက် နိမ့်သည့်နိုင်ငံဟူ၍ မနည်းပင် လက်ချိုးတွက်ရပေလိမ့်မည်။

စီးပွားရေး၊ ပညာရေး စသည်များ နိမ့်ဆင်းသွားသဖြင့် မြန်မာနိုင်ငံသည် စင်္ကာပူကိုလည်း မော်ကြည့်ရ၊ တောင်ကိုရီးယားကိုလည်း မော်ကြည့်ရသည့် အခြေအနေမျိုး ရောက်သွားကာ တရုတ်ကိုဆိုလျှင် ထိုင် ရှိမခိုးရတာ တစ်မည်လောက် ဖြစ်သည်။

ကိုယ့်နိုင်ငံက စီးပွားရေး သိပ်နိမ့်ကျသွားသဖြင့် ကိုယ့်ထက် စီးပွားရေး

သာလွန် ကောင်းမွန်ကြသော တောင်ကိုရီးယားတို့၊ တရုတ်တို့မှ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများကို တင်သွင်း နေကြရသည်။ တရုတ်ကားများသည် အများစုမှာ သိုင်းကားများ ဖြစ်ရာ သိုင်းကားများကို ကြည့်ပြီး မြန်မာ့ဝတ်စားဆင်ယင်မှုကို များစွာ ထိခိုက်လောက်အောင် မဖြစ်သော်လည်း ကိုရီးယား ရုပ်ရှင်ကားများကို ကြည့်ပြီး မြန်မာအမျိုးသမီးကလေးများသည် သူတို့ဝတ်စားဆင်ယင် ကြသလို အတုခိုး ဝတ်ဆင်လာကြရာ မြန်မာ့ယဉ်ကျေးမှုသည် အတော်ကြီး ပွတ်တိုက်မှုကို ခံနေရပြီဟု ဆိုနိုင်သည်။

ကျွန်တော် အလုပ်လုပ်နေသည့် ကုမ္ပဏီတွင် အချို့ဝန်ထမ်းများမှာ အမေရိကန်၊ အင်္ဂလိပ်၊ ဩစတြေလျှန် စသော နိုင်ငံခြားသား မျက်နှာဖြူဝန်ထမ်းများ ဖြစ်ကြသည်။ အမျိုးသားဝန်ထမ်း သာမက အမျိုးသမီးဝန်ထမ်းတွေလည်း ပါကြသည်။ ကုမ္ပဏီ၏ စီမံအုပ်ချုပ်ရေးကို ကိုင်တွယ်ရသည့် မန်နေဂျာမှာ အမေရိကန်သူ ဖြစ်၏ ။

အများသိကြသည့်အတိုင်း မျက်နှာဖြူ အမျိုးသမီးများသည် စကတ်ကို ဝတ်ဆင်ကြသည်။ သို့ရာတွင် မန်နေဂျာ အမေရိကန်မ ဝတ်သော စကတ်မှာ ပေါင်လောက်အထိ ပေါ်သော စကတ်မျိုး မဟုတ်ပါ။ ဒူးဆစ်လောက်အထိတော့ ဖုံးအုပ်မိသော စကတ်မျိုး ဖြစ်ပါသည်။

သို့ရာတွင် မြန်မာသတင်းထောက်မကလေးတစ်ဦး ဝတ်ဆင်ထားသည်ကား မြန်မာထဘီလည်း မဟုတ်၊ အင်္ဂလိပ် အမေရိကန်မတို့ ဝတ်သော စကတ်လည်း မဟုတ်ပါ။

ပေါင်ရင်းနားအထိ ရောက်နေသော ဘောင်းဘီတိုကလေး ဖြစ်နေပါပေသည်။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာမျက်စိနှင့် ကြည့်လျှင် မလုံမခြုံဟု ထင်ရသော စကတ်ဝတ်သူ အမေရိကန်မ မန်နေဂျာကပင် ထိုကလေးမကို...

"ညည်းတို့ဟာ အခါအားလျော်စွာ အစိုးရဌာနများက အရာရှိကြီးများနဲ့ အင်တာဗျူး နေကြရသူများ ဖြစ်ပါတယ်။ ဒီလိုအဝတ်အစားနဲ့တော့ မတော်ပါဘူး၊ အမြင်တင့်တယ်လောက်တဲ့ အဝတ်အစားမျိုးတော့ ဝတ်ပါ"

ဟု ခေါ်ယူပြောဆိုရပါသည်။

ကိုရီးယားရုပ်ရှင်၊ ဗီဒီယိုကားများ၏ ထိတွေ့ရိုက်ခတ်မှုကြောင့် မြန်မာမလေး၏ ကိုယ်တွင် ထဘီပျောက်သွားပြီး ဘောင်းဘီကလေး ပေါင်ရင်းအထိ တိုသွားခြင်းဟု ဆိုနိုင်ပါသည်။

ဆိုလိုသည်မှာ ယဉ်ကျေးမှုတို့သည် အားကြီးသော ယဉ်ကျေးမှုက အားသေးသော ယဉ်ကျေးမှုတို့အပေါ် လွှမ်းမိုးတတ်သည်။ မြန်မာတို့၏ စီးပွားရေး၊ ပညာရေးတွေ နိမ့်ကျလာရာမှ စီးပွားရေးအရ ကိုယ့်ထက် အားကြီးသော နိုင်ငံများမှ ယဉ်ကျေးမှု၏ ဩဇာလွှမ်းမိုးခံနေရပြီး အချို့သော မြန်မာအမျိုးသမီး ကလေးများ၏ ဝတ်စားဆင်ယင်မှုသည် အမြင်မတော် လောက်အောင် ဖြစ်လာသည်ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံသို့ အင်္ဂလိပ်တို့ ဝင်လာသောအခါ မြန်မာအမျိုးသားများ ဦးခေါင်းတွင် သျှောင်ထုံး ပျောက်၍ `ဘိုကေ? ရောက်လာခဲ့ကြသည်။ ကမ္ဘာကြီးက ဂလိုဘယ်လိုက်ဇ် ဖြစ်လာသည့်အခါ ဥရောပယဉ်ကျေးမှုများနှင့် အထိအတွေ့ များလာသဖြင့် အချို့အမျိုးသား များသည် ဘောင်းဘီဖြင့် လည်းကောင်း၊ အမျိုးသမီးများသည် ဘောင်းဘီ သို့မဟုတ် စကတ်ဖြင့်လည်းကောင်း ဖြစ်လာကြသည်။

ဝတ်စားဆင်ယင်မှု ပုံစံတစ်ရပ်ကို လုံးဝ မပြောင်းလဲဘဲ အမြဲထာဝရ သည်အတိုင်းပဲ ထိန်းသိမ်းထားရန်မှာ သဘာဝအားဖြင့် ခက်ခဲသည်မှန်သော်လည်း ကျွန်တော်တို့သည် တတ်နိုင်သမျှ အမျိုးသား Idenity ကိုတော့ ထိန်းသိမ်းထားနိုင်ကြရမည် ဖြစ်ပါသည်။

အမျိုးသားများအနေဖြင့် ပဒေသရာဇ်ခေတ်က မင်းညီမင်းသားများ ဝတ်စားဆင်ယင်သလို အတောင်နှစ်ဆယ်ပုဆိုး ဝတ်ကြဖို့၊ အမျိုးသမီးများအနေဖြင့် ထိုင်မသိမ်းအကျႌ ထဘီမျိုးတွေ ဝတ်ကြဖို့ပင် မဟုတ်သော်လည်း ကိုယ့်အမျိုးသားဟန်သည် ဘာမှန်းမသိတော့လောက်သည့် အခြေအနေအထိတော့ ရောက်မသွားသင့်ပေ။

ယခုအခါ၌ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှုတွေ များလာသဖြင့် မြန်မာ အမျိုးသားများသည် နေရာတိုင်း၌ ဝတ်နေကျ မြန်မာပုဆိုးမျိုး ဝတ်နေရန် မသင့်၍ နိုင်ငံတကာ ဝတ်စားဆင်ယင်မှုပုံစံမျိုး လိုက်ဝတ်ရသည်မျိုးတွေကတော့ ရှိလာမည်။

တံခါးဖွင့်စီးပွားရေးခေတ်တွင် နိုင်ငံတကာ ကုမ္ပဏီများတွင် လုပ်ကြကိုင်ကြရင်း အနောက်တိုင်း ဘောင်းဘီမျိုး ဝတ်ဆင်ရသည်က အလုပ်ခွင်၌ ပို၍ အဆင်ပြေတာမျိုးတွေ ရှိလာမည်။

မိန်းကလေးများသည်လည်း အလုပ်ခွင်ထဲ၌ ခဏခဏ ထဘီပြင်ဝတ်နေရသည့် ပုံစံမျိုးထက် တစ်ကြိမ်မြဲအောင် ဝတ်ထားလျှင် ပြင်ဝတ်စရာ မလိုသည့် ဝတ်စားဆင်ယင်မှု ပုံစံမျိုးက ပို၍ သက်သောင့်သက်သာ ရှိတာမျိုးတွေ ရှိလာမည်။

ဆိုလိုသည်မှာ ဝတ်စားဆင်ယင်မှုကတော့ လိုအပ်ချက်အရ ပြောင်းလဲရတာ မျိုး ရှိနိုင်ပါသည်။ သို့ရာတွင် ပြောင်းချင်သလို ပြောင်းပြီး ဣန္ဒြေမဲ့လောက်အောင် ဝတ်ချင်သလို ဝတ်သည့် အခြေအနေမျိုးအထိတော့ မရောက်သင့်ပေ။

ယခုအခါ ဂမ်းသာစရာကောင်းသည်မှာ မြို့ကြီးပြကြီးမှ အချို့သော အမျိုးသမီး ငယ်များသည် စကတ်အတို၊ ဘောင်းဘီအတို ဝတ်ဆင်နေကြရာမှ ဒေါ်အောင်ဆန်းစုကြည် ဝတ်သည့် ဝတ်စားဆင်ယင်မှု ပုံစံမျိုးအတိုင်း လိုက်ဝတ်လာကြခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူ့ဘဝအချိန်

အများစု အစိတ်အပိုင်းမှာ နိုင်ငံရပ်ခြားတွင် နေလာရင်း ကုန်ဆုံးလာခဲ့သူ ဖြစ်သည်။ အင်္ဂလန်တွင် အကြာကြီး နေလာသူဖြစ်ရာ အင်္ဂလိပ်တို့၏ ယဉ်ကျေးမှု၊ အင်္ဂလိပ်တို့၏ ဝတ်စားဆင်ယင်မှုမျိုးကို အားကျမည်ဆိုသော် အားကျမိသွားနိုင်သည့် အခြေအနေမျိုးကို ကြုံလာခဲ့သူ ဖြစ်သည်။

သို့ရာတွင် သူသည် မြန်မာအမျိုးသမီး ဖြစ်သည်ကို ဘယ်တော့မှ မမေ့ဘဲ အမျိုးသားဟန်ကို မပျောက်အောင် နမူနာပြ ထိန်းသိမ်းနိုင်ခဲ့သည်။ မကြာခင်လများအတွင်းက ဥရောပနိုင်ငံတချို့သို့ရော အမေရိကန်နိုင်ငံသို့ပါ သွားရောက်ခဲ့စဉ်အတွင်း မြန်မာလိုပဲ ဝတ်စားဆင်ယင်ခဲ့ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သူ့ကို လူပုဂ္ဂိုလ်အနေဖြင့် လေးစားခဲ့ကြရုံမက သူ၏ ဝတ်စားဆင်ယင်မှုကိုပါ လေးစားတန်ဖိုးထားခဲ့ကြပေသည်။

လူငယ်များကို ယဉ်ကျေးသိမ်မွေ့သောသူများ ဖြစ်အောင် ပျိုးထောင်ကြမည်ဆိုလျှင် ဝတ်စားဆင်ယင်မှုကိုပါ အလေးထားကြရပါမည်။ `လူမှာ အဝတ် တောင်းမှာအကွပ်' ဆိုဘိသို့ အချို့နေရာများတွင် ဝတ်စားဆင်ယင်မှုကို ကြည့်ပြီး လူရည်လူသွေးကို အကဲခတ်ကြရတာ မျိုး ရှိသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှဝန်ကြီးချုပ် အက်တလီနှင့် ဆွေးနွေးဖို့ ဗြိတိန်နိုင်ငံသို့ သွားစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် အိန္ဒိယပြည် ပဏ္ဍစ်နေရူးထံ ဝင်သည်။

နေရူးက အင်္ဂလန်ရောက်လျှင် မည်သို့သော အဝတ်အစားမျိုး ဝတ်စားဆင်ယင်မည်ကို ဗိုလ်ချုပ်အောင်ဆန်းအား မေးမြန်းကြည့်သည့်အခါ ဗိုလ်ချုပ်အောင်ဆန်းသည် သူ ဝတ်နေကျ ဝတ်စုံဖြင့်ပင် ဝတ်၍ ဆွေးနွေးပွဲ ထိုင်၊ အခမ်းအနားတက်မည့် အနေမျိုး ဖြစ်နေသဖြင့် သူ၏ အပ်ချုပ်သမားအား ဆင့်ခေါ်၍ ဗိုလ်ချုပ်အောင်ဆန်း ဝတ်ရမည့် ဝတ်စုံကို ညတွင်းချင်းအပြီး ချုပ်ပေးရန်

စီစဉ်ပေးရဖူးသည်။

နေရှူးသည် အင်္ဂလန်တွင် ဝေလမင်းသားနှင့် တစ်ကျောင်းတည်းမှာ ကျောင်းအတူတူ တက်ခဲ့သူဖြစ်ရာ အင်္ဂလိပ်လူမျိုးတို့၏ ဝတ်စားဆင်ယင်မှု စည်းကမ်းကြီးပုံကို ကောင်းကောင်း သိပေသည်။ ထို့ကြောင့် အင်္ဂလိပ်တို့က ဗိုလ်ချုပ်အောင်ဆန်းအား အထင်သေးမသွားစေရအောင် သင့်တင့်လျောက်ပတ်သော ဝတ်စုံမျိုးကို ချုပ်လုပ်ပေးလိုက်ခြင်း ဖြစ်သည်။

အမေရိကန်တွင် သမ္မတဂျင်မီကာတာ လက်ထက်က သမ္မတ၏ အိမ်ဖြူတော် အကြီးအကဲအရာရှိ ဟီမီလ်တန် ဂျာဒန်လို ပုဂ္ဂိုလ်မျိုးတွေက ရုံးတက်တာကို တီရှပ်နှင့် တက်ကြသည်။ လွတ်လပ်စွာ ဝတ်စားဆင်ယင်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ရာထူးဌာနန္တရကြီး လူကြီးလူကောင်းတစ်ဦးက ရုံးတက်တာကို ရှပ်ရှင်ရုံသွား၊ ဘောလုံးပွဲကြည့်သည့်အခါ ဝတ်သည့် အဝတ်အစားမျိုးဖြင့် တက်ခြင်းမျိုးသည် ဘယ်နည်းနှင့်မှ မသင့်တော်ပေသဖြင့် သတင်းစာတွေက ဝိုင်းဝန်းပြစ်တင် ရေးသားခဲ့ကြဖူးသည်။

နောက်ဆုံး၌ အိမ်ဖြူတော် အရာရှိများသည် ထုံးစံအတိုင်း ဝတ်စုံပြည့်နှင့် ရုံးတက်ကြရသည်။

သမ္မတဂျွန်ဆင်သည် ဆေးရုံတက် ဗိုက်ခွဲပြီးနောက် မကြာမီတွင် အိမ်ဖြူတော်၌ ဧည့်ခံပွဲတစ်ခု ကျင်းပစဉ် သံအမတ်တစ်ဦးအား ဗိုက်တွင် ခွဲထားသော နေရာကို မြင်နိုင်အောင် အကျႌကို လှန်ပြသည်။ သမ္မတနာဆာသည် ရုရှားနှင့် ဆက်ဆံရသည်မှာလည်း သိပ်မဟန်လှသဖြင့် အမေရိကန်နှင့် ဆက်ဆံရေးသစ် ထူထောင်မည် စိတ်ကူးပြီး သူ၏ လက်ထောက်များအား အမေရိကန် သမ္မတ ဂျွန်ဆင်နှင့်စပ်ရာ သတင်းအချက်အလက်များကို တင်ပြခိုင်းသည်။

လက်ထောက်များက ဓာတ်ပုံများဖြင့်ပါ တင်ပြရာ ဖော်ပြပါ အကျႌကို

လှန်၍ ဗိုက်က ခွဲစိတ်ဒဏ်ရာ ချုပ်ရိုးကြောင်းကို ပြနေသည့်ပုံကို နာဆာတွေ့သွားသည်။ နာဆာသည် ဝတ်စားဆင်ယင်မှု စည်းကမ်းကြီးလှသော အင်္ဂလန်နိုင်ငံတွင် စစ်ပညာ သင်ကြားလာခဲ့သူ ဖြစ်ရာ ကိုယ်အမူအရာ သိမ်မွေ့မှု မရှိသော `သမ္မတဂျွန်ဆင်နှင့် ငါ ဆက်ဆံ၍ မဖြစ်နိုင်' ဟု ဆုံးဖြတ်ခဲ့ဖူးသည်။

ဆိုလိုသည်မှာ ယဉ်ကျေးမှုတွင် ဝတ်စားဆင်ယင်မှုသည် အရေးကြီးသလို ဝတ်စားဆင်ယင်မှုနှင့် ဆက်စပ်နေသော ယဉ်ကျေးသိမ်မွေ့မှုလည်း များစွာ အရေးကြီးပေသည်။

ယခုအခါတွင် လူငယ်များသာ မဟုတ်သေး။ အချို့လူကြီးများပင် ရဟန်းသံဃာများနှင့် ယဉ်ကျေးသိမ်မွေ့စွာ မဆက်ဆံတတ်တာမျိုး ရှိသည်။

များစွာသော သူတို့သည် ဘုန်းကြီးကျောင်းတွင် ပညာသင်ပြီး ကြီးလာသူများ မဟုတ်ကြရာ ဘုန်းကြီးကျောင်းယဉ်ကျေးမှုကို အထိအတွေ့ နည်းကြသည်။

ထို့ကြောင့် ရဟန်းသံဃာများနှင့် ဆက်ဆံရာတွင် အယောင်ယောင် အမှားမှား ကျွန်တော်၊ ကျွန်မ စသည်ဖြင့် ပြောဆို သုံးနှုန်းမိတတ်ကြသည်။ `မှန်ပါ့ဘုရား'၊ `တင်ပါ့ဘုရား' စသည်တို့ မသုံးနှုန်းတတ်သည့်အခါ `ဟုတ်ကဲ့ပါ ဘုန်းဘုန်း' ဟူ၍ ဖြစ်ချင် ဖြစ်နေတတ်သည်။

ဒကာ၊ ဒကာမများသည် ရဟန်းသံဃာတို့အား ဘယ်သို့ မေးလျှောက်ကောင်းသည်။ ဘယ်သို့ မလျှောက်ကောင်း ဆိုတာကို နားမလည်ကြသဖြင့် ကိုယ် နားလည်သလိုနည်းဖြင့် ဆက်ဆံမိတတ်ကြသည်။

တစ်ခါက တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရအား ဆွမ်းကပ်သည့် အစိုးရ အရာရှိကြီးတစ်ဦးက ဆရာတော် ဆွမ်းဘုဉ်းပေးနေစဉ် ဆရာတော်အား "ဆွမ်းစားရတာ မြိန်ပါသလား၊ ကောင်းပါသလား" ဟူသော စကားမျိုးဖြင့် မေးလျှောက်သည့်အခါ ဆရာတော်က "ဒကာကြီး၊ ဘယ်လိုပြောလိုက်တာတုန်း" ဟု

ပြန်မိန့်သည် ဆို၏။

အမှန်တော့ ရဟန်းတော်တစ်ပါးအား ထိုသို့ မမေးလျှောက်ကောင်းဟု ဆုံးမလိုက်ခြင်းပါပေ။

ရဟန်းများ ဆွမ်းဘုဉ်းပေးသည်မှာ အရသာရှိပေသည်၊ ကောင်းပေသည်ဟူသော အမှတ်ဖြင့် ဆွမ်းဘုဉ်းပေးရသည်မျိုး မဟုတ်ရာ ထိုဒကာကြီး၏ မေးလျှောက်ပုံမှာ `အပြောမတတ် တော့ ဆဲသလို' ဟူဘိသို့ ဆရာတော်ကို စော်ကားမိသည့်သဘောပင် ဆောင်နေသေးပေသည်။

ရဟန်းတစ်ပါးကို `ဘုန်းဘုန်း' ဟူသော အာလုပ်စကားဖြင့် ခေါ်ဝေါ် ဆက်ဆံသည် မှာလည်း ဝိနည်းကို အလွန်လိုက်နာစောင့်ထိန်းသူ ရဟန်းများအတွက် မသင့်လျော်သော အသုံးအနှုန်းတစ်မျိုး ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဝိနယဓရ ဆရာတော်ကြီးများသည် ဒကာ၊ ဒကာမတို့အား ဘယ်သောအခါတွင်မှ ချစ်စနိုး အသုံးအနှုန်းမျိုးဖြင့် ခေါ်ဝေါ် ဆက်ဆံလေ့ မရှိပါ။ အသက်အရွယ်ကို လိုက်၍ ဒကာကြီး ဟူ၍ ဖြစ်စေ ခေါ်မည်၊ ဒကာမလေး ဟူ၍ ဖြစ်စေ ခေါ်မည် ဖြစ်သည်။

ကိုကို၊ မမ ဟူသော အသုံးအနှုန်းမျိုး၊ သားတော်၊ သမီးတော် ဟူသော အသုံးအနှုန်းမျိုးဖြင့် ခေါ်ဝေါ်မည် မဟုတ်ပေ။

ရဟန်းတော်များ လိုက်နာရမည့် အနေသနဝတ် ၂၅ ပါး ဆိုတာမျိုးတွေ ရှိသည်။ ဒကာ၊ ဒကာမကို ကိုယ့်ကို နှစ်လိုကြည်ညို ဖြစ်စေလိုသော သဘောမျိုးဆောင်သည့် အသုံးအနှုန်းမျိုးကို မသုံးနှုန်းကြရပေ။

တစ်ခါက ဆရာဦးသုခသည် ညောင်လေးပင်တောရမှ ဆရာတော်ကြီး ဦးအရိယ အကြောင်း ရေးသည့် စာတစ်ပုဒ်တွင် ဆရာတော်ကြီးက ရာထူးအားဖြင့် အရေးပိုင်အဆင့် ရှိသော ဒကာတစ်ဦးအား `အရေးပိုင်ကြီး' ဟူ၍ ခေါ်ဝေါ်သုံးစွဲလေဟန် ထည့်ရေးခဲ့သဖြင့် ဆရာတော်ကြီး ၏ တပည့်

ဆရာတော်ကြီးတစ်ပါးက ဆရာဦးသုခအား စာရေး၍ ကန့်ကွက် ဆုံးမဖူးသည်။ မိမိတို့ ဆရာတော်ကြီးသည် ဘယ်အခါတွင်မှ ထိုသို့သော ဝိနည်းနှင့် မညီသော ခေါ်ဝေါ်သုံးစွဲမှုမျိုး မသုံးစွဲဖူးကြောင်းလည်း ရှင်းပြလေသည်။

ထိုအကြောင်းအရာများကို ဆရာဦးသုခကိုယ်တိုင် ဆောင်းပါး ပြန်လည်ရေးပြဖူးသည်။

ထို့ကြောင့် တပည့်ဒကာ၊ ဒကာမများအနေဖြင့် မိမတို့ ကိုးကွယ်သော ဘုန်းကြီးကို ချစ်ခင်ကြည်ညိုစွာဖြင့် `ဘုန်းဘုန်း' ဟူ၍ ခေါ်ဝေါ်သုံးစွဲခြင်းမျိုးသည် မလျောက်ပတ်ပေ။ ဆရာဘုန်းကြီး ကိုယ်တိုင်ကလည်း `ဘုန်းဘုန်း' ဟူ၍ သုံးစွဲသည်မျိုး ကြားရသော် ဝိနည်းကို တကယ်စောင့်ထိန်း လိုက်နာကြသည့် ဆရာတော်ကြီးများက စိတ်မချမ်းသာတတ်ကြပေ။

ထို့ကြောင့် ရဟန်းသံဃာတော်များနှင့် ဆက်ဆံရာတွင် ကိုယ်နှုတ် အမူအရာ သိမ်မွေ့ဖို့ လိုအပ်သည်သာမက အချို့ကိစ္စများတွင် မိမိတို့ ပြောဆိုသုံးစွဲပုံများသည် သာသနာတော်နှင့် အပ်စပ်သည်၊ မအပ်စပ်သည်တို့ကိုပါ နားလည်ထားကြရန် လိုပေသည်။

တစ်ခါက ဒကာတစ်ဦးသည် ဘုန်းကြီးကျောင်းသို့ သွား၍ ကျောင်းထိုင်ဆရာတော်အား မနက်ဖြန် မနက်တွင် သူ့အိမ်သို့ သံဃာ ဘယ်နှပါး အရုဏ်ဆွမ်းစားကြွပါဟု ပင့်ဖိတ်ခဲ့ရာ အရုဏ်တက်ချိန်တွင် သံဃာတော်များ ကြွလာတော့ အိမ်ရှင်များက မနိုးကြသေးပေ။

ထို့ကြောင့် သံဃာတော်များသည် ကျောင်းသို့ ပြန်ကြွသွားကြရသည်။ အရုဏ်ဆွမ်း ဆိုသည်မှာ အရုဏ်တက်ချိန်တွင် ဘုဉ်းပေးသုံးဆောင်ရသော ဆွမ်းမျိုး ဖြစ်သည်။

ကျမ်းဂန်၌ အရုဏ်တက်ချိန်သည် ဘယ်အချိန်မျိုး ဖြစ်သည်ဟု ဖော်ပြထားသည်။

စက်နာရီအားဖြင့် ဘယ်လတွင် မိုးသောက်ရောင်ခြည် မလာမီ ဘယ်အချိန်လောက်တွင် ဖြစ်သည်ဟူ၍ သတ်မှတ်ချက် ရှိပေရာ ဒကာက ထိုသို့သော အကြောင်းများကို မသိဘဲ `အရုဏ်ဆွမ်း'ဟူ၍ ပင့်ဖိတ်မိခဲ့ခြင်း ဖြစ်သည်။

အမှန်က နံနက် (၆)နာရီ၊ (၇)နာရီ စသည်ဖြင့် ဘုန်းကြီးကို လျှောက်ခဲ့လျှင် ထိုသို့ ပြဿနာ ကြုံမည် မဟုတ်ပေ။

ဆိုလိုသည်မှာ လူငယ်နှင့် ယဉ်ကျေးမှု ဟူသော ခေါင်းစဉ်အောက်တွင် လူငယ်များသည် ထိုသို့သော ဘာသာရေးယဉ်ကျေးမှုများလည်း နားလည်ထိုက်သည် ဟူ၍ ဖြစ်ပါသည်။

ရှေးအခါကတော့ နိုင်ငံ၏ ပညာရေးကို ဘုန်းကြီးကျောင်းများတွင် တာဝန်ယူခဲ့ကြသည် ဖြစ်ရာ နောင်အခါ ဘုရင့်နန်းတော်တွင် ဝန်ကြီးတက်လုပ်သည့် သူများလည်း ငယ်စဉ်ကပင် အခြေခံ ယဉ်ကျေးမှုများကို နားလည်ခဲ့ပြီး အလေ့အကျင့် ရခဲ့ပြီး ဖြစ်သည်။

ရွှေကျင်ဂိုဏ်းဝင် ဘုန်းကြီးကျောင်းများဆိုလျှင် ရွှေကျင်ဆရာတော်ကြီး ဆုံးမထားခဲ့သော ကျယ် ၅ ပါး၊ များ ၈ ပါးနှင့် ကြမ်း ၉ ကြမ်းတို့ကို သိရှိလိုက်နာကြရသည်။

`ကျယ် ၅ ပါး' ဟူသည်ကား - စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အသမ်းကျယ် ဟူ၍ ဖြစ်သည်။ ထိုကျယ်ငါးပါးကို ပယ်၍ တိုးတိုးသက်သာ ပြောဆိုဆက်ဆံ ကြရသည်။

`များ ၈ ပါး' ဟူသည်ကား - စကားများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဂကမ္မများ၊ ပစ္စည်းစုများ၊ ရှင်လူငယ်တို့နှင့် ရောနှောများ၊ အလည်အပတ်များ ဟူ၍ ဖြစ်သည်။ ယင်းရှစ်ပါးကို ပယ်၍ ပရိယတ်၊ ပဋိပတ်တရားများကို အားထုတ်ကြရသည်။

`ကြမ်း ၉ ကြမ်း' ဟူသည်ကား - အစားကြမ်း၊ အအိပ်ကြမ်း၊

အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးအမကြမ်းဟူ၍ ဖြစ်သည်။ ထိုကြမ်း ကိုးကြမ်းကို ပယ်၍ နူးညံ့သိမ်မွေ့စွာ နေထိုင်ကြရသည်။

အဆုံးအမအကြမ်းဟူသည် တပည့်များကို ဆုံးမရာ၌ ကြမ်းကြမ်းတမ်းတမ်း မဆုံးမကောင်းဟု ဆိုလိုသည်။ တိပိဋကဓရဆရာတော်ကြီး ဦးဝိစိတ္တသာရ ပျံလွန်တော်မူခါနီး ရှယ်စဉ်က ရဟန်းတပည့်များအား စာပို့ချပေးနေစဉ် အလိုမကျသဖြင့် ငေါက်ငမ်းဆုံးမနေသံကို ဆရာတော်ကြီးက ပြုစုစောင့်ရှောက်ပေးလာခဲ့သူ သီလရှင်ကြီး ဒေါ်ဓမ္မစာရီက ကြားသည့်အခါ...

"သြော်... တို့ကိုယ်တော် စာသင်နေသလား အောက်မေ့တယ်၊ လက်စသတ်တော့ နွားလှည်းမောင်းနေတာကိုး" ဟု ပြောဆိုဆုံးမဖူးသည်ဟု မှတ်သားဖူးသည်။ ဆုံးမတာတောင်မှ ယဉ်ကျေးသိမ်မွေ့ဖို့ လိုသည်ဟု ဆိုလိုပါသည်။

ယနေ့ခေတ် လူငယ်များသည် ဘုန်းကြီးကျောင်းများတွင် မနေကြရပါ။ နေဖူးသူ ရှိလျှင်လည်း နည်းပါမည်။ ရှေးအခါကတော့ ဘုန်းကြီးကျောင်းများတွင် ထိုသို့သော အဆုံးအမများဖြင့် ယဉ်ကျေးလိမ္မာအောင် လေ့ကျင့်ပေးခဲ့ကြသည်။

ဆယ်စောင်တွဲ စာအုပ်တွင် ပါသော အရှင်မဟာသီလဝံသ ဆုံးမစာ၊ အရှင်မဟာရဋ္ဌသာရ ဆုံးမစာ စသည်တို့မှာလည်း ထိုသို့သော ယဉ်ကျေးမှုအခြေခံများကို တည်ဆောက်ပေးနိုင်သည့် ဆုံးမစာများ ဖြစ်ကြပါသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုတွင် လူကြီးသူမများနှင့် ဆက်ဆံရာ၌ မည်သို့ဆက်ဆံရမည် ဟူသော အခြေခံ လိုက်နာရမည့် ယဉ်ကျေးမှုများ ရှိကြသည်။

ရဟန်းသံဃာနှင့် သက်ကြီးရွယ်ကြီး ပုဂ္ဂိုလ်များ ရှေ့တွင် ဖြတ်မသွားလျှင် မဖြစ်သောကြောင့် ဖြတ်သွားရသော် ကိုယ်ကို ကိုင်းညွတ်သွားရခြင်း၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ အဘိုး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အဘွား စသည်ဖြင့် သင့်လျော်သလို ခေါ်ဝေါ်ဆက်ဆံရခြင်း စသည့် ယဉ်ကျေးမှုများ၊

လူရှေ့သူရှေ့တွင် ပုဆိုးထဘီ ပြင်ဝတ်ခြင်း စသည်တို့ကို ရှောင်ကြည်ရခြင်း စသော ယဉ်ကျေးမှုများ၊ လူကြီးသူမ၊ ရဟန်းသံဃာများနှင့် လမ်းမှာတွေ့သော် လမ်းဖယ်ပေးခြင်း စသော ယဉ်ကျေးမှုများ အသီးသီး ရှိကြပါသည်။

ကျွန်တော်၏ အလုပ်တိုက်သည် သုံးထပ်တိုက် ဖြစ်သည်။ အထက်ဆုံးထပ် သွားလျှင် လှေကားအမြင့် နှစ်စင်းကို တက်ရသည်။ ကျွန်တော်တို့မှာ အသက်အရွယ် ရလာပြီဖြစ်၍ လှေကား အတက်အဆင်းမှာ အတော်သတိထားရသည်။ ချော်ကျတာမျိုး မဖြစ်အောင် လှေကားလက်ရန်းကို မြဲမြဲကိုင်တွယ် တက်ရ၏ ။

တစ်ခါတရံ မိမိနှင့် တူရူမှ တက်လာ သို့မဟုတ် ဆင်းလာသော လူငယ်၊ လုံမငယ်များနှင့် လှေကားလယ်မှာ ဆုံရသည်။ ထိုအခါမျိုးတွင် အချို့လူငယ်များက ကျွန်တော့်ကို နေရာဖယ်ပေး၍ အတက်အဆင်း ပြုသွားကြသော်လည်း အချို့ကလေးမကလေးများသည် လက်ရန်းဘေးမှ လမ်းကို ဖယ်ရှောင်မပေးကြပေ။

ထိုအခါမျိုးတွင် ကျွန်တော်ကပင် သူတို့ကို လမ်းဖယ်ပေးရသည်။ ဆက်၍ လည်း အလွတ် မလျှောက်ရဲ၍ လှေကားအလယ်တွင် ရပ်နားနေရပေသည်။

အမှန်တော့ ထိုသို့သော လမ်းမဖယ်ပေးသူ ကလေးမများသည် ကျွန်တော့်ကို မလေးစားသည်လည်း မဟုတ်ကြပါ။ ချစ်ခင်ရိုသေမှု မရှိ၍ လည်း မဟုတ်ကြပါ။

သူတို့သည် လူကြီးသူမတို့အား လမ်းဖယ်ပေးထိုက်ကြောင်းကို ရိုးရိုးသားသားပင် မသိနားမလည်ကြခြင်း ဖြစ်ပါ၏ ။

ဤသို့ ဖြစ်ရခြင်းမှာ ကျောင်းတွင်ဖြစ်စေ၊ အိမ်တွင် ဖြစ်စေ ယဉ်ကျေးမှု အခြေခံများကို လေ့ကျင့်သင်ကြားပေးခြင်းမျိုးကို မခံယူခဲ့ကြရသောကြောင့် ဖြစ်ပေသည်။

ယဉ်ကျေးမှုဟူသည် `တို့ယဉ်ကျေးမှုမှ တို့ယဉ်ကျေးမှု' ဟူ၍ တရားသေ

စွဲယူထားဖို့ပင် မဟုတ်သော်လည်း ကိုယ့်အမျိုးသားယဉ်ကျေးမှု အခြေခံများကိုတော့ နားလည်ကြရမည် ဖြစ်ပါသည်။ ကောင်းသော အစဉ်အလာတွေကို ထိန်းသိမ်းကြရပါမည်။

ကမ္ဘာကြီးနှင့် ကူးလူးဆက်ဆံရင်း အခြားတစ်ပါးမှ ယဉ်ကျေးမှုတို့လည်း ဝင်လာမည် အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် `မိမိတို့ လူမျိုး၏ အခြေခံယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာ ဖြစ်လွန်းသော ယဉ်ကျေးမှုများကိုတော့ ခပ်လွယ်လွယ်နှင့် လက်မခံထိုက်ပါ။ ယူသင့်တာကိုသာ ယူ၍ ပယ်သင့်တာကို ပယ်ကြရပါမည်။

ကမ္ဘာကြီးက ဂလိုဘယ်လ်လိုက်ဇ် ဖြစ်တာ များလာလေလေ ယဉ်ကျေးမှုတွေချင်း ထိပွတ်မှုများလေလေ ဖြစ်ပါမည်။

ကျွန်တော်တို့မှာကိုက ကိုယ့်ယဉ်ကျေးမှု အခိုင်အမာ သိပ်မဖြစ်တော့ဘူး ဆိုလျှင် အခြားတစ်ပါး ယဉ်ကျေးမှုတို့၏ ဝါးမျိုခံသွားရမှာ သေချာပါသည်။

ထိုအခါမျိုးတွင် မြန်မာ၏ indenity သည် ဘာဟူ၍ တောင် အမှတ်သင်္ကေတ လက်ညှိုးထိုးပြစရာ မရှိ ဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် လူငယ်များသည် ယဉ်ကျေးမှုကို အလေးထား ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုကြောင်း တင်ပြလိုက်ရပါသည်။

**Eternal Light မဂ္ဂဇင်း၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ**

***

# လူငယ်နှင့် မေတ္တာတရား

`လူငယ်နှင့် မေတ္တာတရား' ဟူ၍ ခေါင်းစဉ်တပ်လိုက်တော့ မေတ္တာတရားဆိုတာ လူငယ်နှင့်မှ ဆိုင်တာလား၊ လူကြီးနှင့်ကော မဆိုင်ဘူးလား စသည်အားဖြင့် မေးခွန်းစကား ထွက်လာဖွယ် ရှိသည်။ တကယ်တော့ ထိုသို့ မဟုတ်ပါ။ မေတ္တာတရားဟူသည် လူကြီးလူငယ် အရွယ်မရွေး၊ ကျားမ မရွေး၊ လူပဲ ရှင်ပဲ ဟူ၍ မရွေး၊ ဗုဒ္ဓဘာသာပဲ၊ ခရစ်ယာန်ပဲ၊ အစ္စလာမ်ဘာသာဝင်ပဲ၊ ဟိန္ဒူဘာသာဝင်ပဲဟူ၍ ဘာသာမရွေး လူတိုင်း လိုက်နာ ကျင့်သုံးအပ်သော တရားဖြစ်ပါသည်။ လူငယ်နှင့်သာ သက်ဆိုင်သည့်တရားဖြစ်၍ ထိုကဲ့သို့ ခေါင်းစဉ်တပ်ခြင်း မဟုတ်ပါ။

ဤမဂ္ဂဇင်းတွင် ကျွန်တော်က လူငယ် စာဖတ်ပရိသတ်ကို ဦးတည်ချက်ထားလျက် လူငယ်နှင့် ဘာသာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ဒီမိုကရေစီ စသည့် ခေါင်းစဉ်များဖြင့် ရေးလာခဲ့သည့်အတိုင်း ယခုလည်း လူငယ်နှင့် မေတ္တာတရား ဟူ၍ ခေါင်းစဉ်တပ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည် ပြောဖူးသော မေတ္တာတရားနှင့် စပ်လျဉ်းသည့် စကားကို ဗဟုသုတအဖြစ ပြောပြလိုပါသည်။ The Voice of Hope ဟူသော စာအုပ်တွင် တွေ့ရသော စကား ဖြစ်ပါသည်။

ထိုစကားကို မပြောမီ ဖော်ပြပါ စာအုပ်အကြောင်းကို ပြောလိုပါသေးသည်။ နဝတ အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား ၁၉၈၉ တွင် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်တွင် ပြန်လွှတ်ပေးသည်။ ထိုသို့ ပြန်လွှတ်ပေးပြီး မကြာမီမှာပင် Alan Clements

အမည်ရှိသော ပုဂ္ဂိုလ်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းပါသည်။ ၁၉၉၅ ခုနှစ် အောက်တိုဘာလမှ ၁၉၉၆ ခုနှစ် ဇွန်လအထိ ကိုးလကြာ မေးမြန်းခဲ့ပြီးနောက် ထိုအမေးအဖြေများကို အထက်ဖော်ပြပါ ခေါင်းစဉ်ဖြင့် ပထမ ၁၉၉၆ ခုနှစ်မှာပင် ပြင်သစ်နိုင်ငံ၌ စာအုပ်အဖြစ် ထုတ်ဝေပါသည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် အမေရိကန်၌ ထုတ်ဝေပါသည်။ ထိုစာအုပ်ကို ကျွန်တော်တို့က ယခုမှ ဖတ်ခွင့် ရကြခြင်း ဖြစ်ပါသည်။

ထိုစာအုပ်တွင် အလန်ကလီးမင့်က "ခင်ဗျားဟာ မြန်မာနိုင်ငံက ခင်ဗျားရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို `ဗုဒ္ဓဘာသာ ကိုယ့်ကျင့်တရားမှာ အခြေခံထားတဲ့ စိတ်ဓာတ်တော်လှန်ရေး' လို့ ရည်ညွှန်းပြောဆိုလေ့ ရှိပါတယ်။ နိုင်ငံရေးကို ချဉ်းကပ်တဲ့ နေရာမှာ တခြားဘာသာ အယူဝါဒတွေမှာ လာတဲ့ ပညာပေါ်ကနေပြီးတော့ မယူဘူးလား၊ ယူခဲ့ရင် ဘယ်လောက်များများ အခြေခံယူထားပါသေးသလဲ" ဟု မေးပါသည်။

ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က "သိပ်နက်နက်ရှိုင်းရှိုင်းကြီး မဟုတ်ပေမယ့်လည်း ကျွန်မ တခြားဘာသာ အယူဝါဒတွေနဲ့ ဆိုင်တဲ့ စာအုပ်တွေလည်း ဖတ်ဖူးပါတယ်။ ဒါပေမယ့် မေတ္တာဆိုတဲ့ သဘောတရားကို ဘာသာအယူဝါဒတိုင်းမှာ တွေ့ရပါတယ်" ဟု ဖြေပါသည်။ အဲဒီ လို ဖြေပြီးနောက် ယခုလို ဆက်ပြောပါသည်။

“The Christians say God is love. And when they say “Perfect loves casts fear” I think by perfect love they ean exactly what we mean metta. I think at the care of all religions there is this idea of love for one’s fellow humman beings.”

ဒေါ်အောင်ဆန်းစုကြည် ပြောလိုက်သော စကားကို လူငယ်များ နားလည်သဘောပေါက် ကြပါလိမ့်မယ်။ `ခရစ်ယာန်တွေကတော့ ထာဝရဘုရားသခင်သည်ပင် Love ပဲတဲ့၊ သူတို့ပြောကြတဲ့ "Perfect love casts fear”

(စင်ကြယ်သော ချစ်ခြင်းသည် အကြောက်တရားကို ပယ်ဖျောက်ပေးသည်) လို့ ဆိုရာမှာ ကျွန်မအထင်တော့ အဲဒီ perfect love ဆိုတာ ဗုဒ္ဓဘာသာမှာ ကျွန်မတို့ နားလည်ထားကြတဲ့ မေတ္တာဆိုတာနဲ့ တစ်ထပ်တည်းပါပဲတဲ့၊ ကျွန်မ စိတ်အထင် ပြောရရင် ဘာသာတိုင်းမှာ လူလူချင်း ချစ်ခင်ကြရမယ် ဆိုတဲ့ သဘောတရားဟာ အဓိက အချက်အချာအဖြစ် ပါနေကြတာပါပဲ' တဲ့။

အထက်ပါတို့ကား လူငယ်များအား ဗဟုသုတအဖြစ် ဖော်ပြလိုက်သည့် The Voice of Hope စာအုပ်ထဲမှာ ပါသော ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာတရားနှင့် စပ်ရာစကားများပါတည်း။

ကမ္ဘာတွင် အဓိကဘာသာကြီး လေးမျိုးရှိပေရာ ဒေါ်အောင်ဆန်းစုကြည် ပြောသလိုပင် ထိုဘာသာကြီး လေးမျိုးစလုံး၌ မေတ္တာတရား ထားကြရန်သာ ဟောကြားကြသည်။ ခရစ်ယာန် ဘာသာတွင် လာသည့် `သင့်ပါးတစ်ဖက်ကို ရိုက်လျှင် နောက်ပါးတစ်ဖက်ကို ထိုးခံပေးလိုက်ပါ' ဟူသော အဓိပ္ပါယ်မျိုး ဆောင်သည့် ဟောကြားချက်မှာ မေတ္တာစိတ် ထားဖို့ ဟောကြားထားခြင်းပင် ဖြစ်ပါသည်။ မည်သည့် ဘာသာတရားတွင်မျှ မေတ္တာကို ဆန့်ကျင်ဟောကြားခြင်း မပြုကြပါ။

ဗုဒ္ဓဘာသာတွင် မေတ္တာကို အခြေခံအဖြစ် ဟောကြားသော ပရိသတ်ကြီး ၁၁ သုတ်တွင် တတိယအသုတ်အဖြစ် ပါရှိသော `မေတ္တ' သုတ်မှာ တောအရပ်၌ တရားသွားအားထုတ်ကြသော ရဟန်းများကို သရဲတစ္ဆေ စသော နာနာဘာဝများက ခြောက်လှန့်နေကြသဖြင့် တရားအားထုတ်မရသဖြင့် မြတ်စွာဘုရားထံ ပြန်လာကြစဉ် မြတ်စွာဘုရားက ထိုရဟန်းများအား ဟောကြားအပ်သော တရားတော်များ ဖြစ်ပါသည်။

ထို `မေတ္တ'သုတ်တွင် တရားတော်တွင် မေတ္တာပွားများနည်း ပါသည်။ မေတ္တာအကျိုး ပါသည်။ မေတ္တာပွားနည်း ဟူသည်မှာ သတ္တဝါများကို အုပ်စုခွဲ၍ မေတ္တာ ပို့ပုံပို့နည်း ၁၁ နည်းပါပင်။ ထိုမေတ္တာပွားနည်းကို လူတိုင်းလည်း

ကြားဖူးကြပြီး ဖြစ်ပါသည်။ ကြားဖူးပြီးသားပင် ဖြစ်သော်လည်း အလိုရှိသူများ အလွယ်တကူ အသုံးပြုနိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါဦးမည်။

`မေတ္တာ?သုတ်လာ မေတ္တာပွားနည်း ၁၁ နည်း

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၆။ ရှည်၊ တို၊ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၇။ ကြီး၊ ငယ်၊ သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူ၊ ကြုံ၊ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

ဖော်ပြပါ ၁၁ နည်းမှာ `မေတ္တာ' သုတ်လာ မေတ္တာပွားပုံ ၁၁ နည်း ဖြစ်ပါသည်။

မြတ်စွာဘုရားက တရားအားထုတ်၍ မရ၊ ကြောက်ပြီး ပြန်လာကြသော ရဟန်းများအား ထိုမေတ္တာပွားနည်းများကို ဟောကြားသင်ပေးလိုက်ပြီး မူလနေရာသို့ ပြန်လည်စေလွှတ်ကာ တရားအားထုတ်စေရာ ရဟန်းများ၏ မေတ္တာကို ခံယူကြရကုန်သော နာနာဘာဝတို့သည် ရဟန်းတို့အပေါ် ပြန်လည်မေတ္တာသက်ဝင် လာသောကြောင့် မခြောက်မလှန့်ကြကုန်သဖြင့် ရဟန်းများ ချမ်းသာစွာ တရားအားထုတ်ခွင့် ရသွားကာ တရားလည်း ရသွားခဲ့ကြလေသည်။

လောကီကာမဂုဏ် အာရုံတွေတွင် ငြိတွယ်ခြင်း မရှိဘဲ မေတ္တာတရားကို အခြေခံပြီး ကျင့်ကြံအားထုတ်သွားသော် ဘဝသစ်တစ်ဖန် မဖြစ်တော့သောအဆင့် (နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော အဆင့်) အထိ ရောက်သွားနိုင်ကြောင်းလည်း မေတ္တာ၏ အကျိုးကို ထို`မေတ္တာ'သုတ်တွင် ထည့်ဟောပါသည်။

ဘုရားရှင်လက်ထက်က ရဟန်းအချင်းချင်း စိတ်ဝမ်းကွဲကာ ခြောက်ပါးသော ရဟန်းအစု (ဆဗ္ဗဂ္ဂီ) သည် ခွဲထွက်သွားဖူးသည်။ ထိုဆဗ္ဗဂ္ဂီရဟန်းတို့အား ဟောကြားသော တရားတော်တွင် မေတ္တာ၏ သဘောအနက်ကိုလည်းကောင်း၊ မေတ္တာအမျိုးအစားကို လည်းကောင်း ထည့်သွင်း ဟောကြားသည်။

မေတ္တာဟူသည် တစ်ပါးသူအား ကောင်းကျိုးချမ်းသာ ဖြစ်စေလိုသော စိတ်ထားမျိုးကိုပင် မေတ္တာဟု ဆိုပါသည်။

မေတ္တာဟူသည် ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာဟူ၍ သုံးမျိုး ရှိသည်။

သူတစ်ပါးတို့အား ကောင်းကျိုးချမ်းသာ ဖြစ်ပါစေဟူသော သဘောနှလုံးထားဖြင့် ကာယကံမြောက် ဆောင်ရွက်ပေးခြင်းမျိုးသည် ကာယကံမေတ္တာ မည်သည်။

ထို့အတူ သူတစ်ပါးတို့အား ကောင်းကျိုးဖြစ်ပါစေ ဟူသော သဘောနှလုံးထားဖြင့် နှုတ်မှ မြွက်ဆိုခြင်းမျိုး (ဥပမာ - မိတ်ဆွေတစ်ဦးက မသင့်သော အမူတစ်ခု ပြုမည်ကို) `အဲဒီ လို မပြုကောင်းဘူးဗျ' ဟု စေတနာနှင့် ပြောဆိုခြင်းမျိုးသည် ဝစီကံမေတ္တာ မည်သည်။

သူတစ်ပါးကို ကောင်းကျိုးချမ်းသာ ဖြစ်ပါစေ ဟူ၍ စိတ်မှာ ကြံစည်ခြင်းမျိုးသည် မနောကံမေတ္တာ ဖြစ်ပါသည်။

အခြားနည်းဖြင့် မေတ္တာပွားပုံမျိုးလည်း ရှိသေးသည်။ ယင်းတို့မှာ အောက်တွင် ဖော်ပြထားသော လေးနည်း ဖြစ်ပါသည်။

၁။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။

၂။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ။

၃။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ။

၄။ နှလုံးစိတ်ဝမ်း ရွှင်လန်းအေးမြပါစေ။

ထိုမေတ္တာပွားနည်း လေးနည်းဖြင့် မည်သည့် သတ္တဝါ ဟူ၍ မရည်ရွယ်ဘဲ သတ္တဝါခပ်သိမ်းတို့ကို ထိုလေးမျိုးအတိုင်း ဖြစ်ပါစေဟု ပွားများသော် ထိုသို့ပွားများအပ်သော မေတ္တာကို အနောဒိဿ မေတ္တာဟု ခေါ်လေသည်။

ထိုသို့ မဟုတ်ဘဲ တစ်စုံတစ်ရာသော သတ္တဝါကို (မည်သူမည်ဝါ တစ်စုံတစ်ဦးကို) ရည်စူးပြီး ဖော်ပြပါ လေးမျိုးနှင့် ပွားအပ်သော မေတ္တာကို ဩဒိဿမေတ္တာဟု ခေါ်လေသည်။

ယခု ဖော်ပြခဲ့သည်တို့မှာ မေတ္တာနှင့်စပ်ရာ အကြမ်းအားဖြင့်

သိထားအပ်သည်တို့ပါတည်း။

အရေးကြီးသည်ကား မေတ္တာအကြောင်း ဗဟုသုတထက် မေတ္တာစိတ်ကို တကယ်ထားတတ်ဖို့ပါတည်း။

အမျက်ဒေါသထွက်ခြင်း၊ သည်းမခံနိုင်ခြင်း၊ ခွင့်မလွှတ်နိုင်ခြင်း၊ အငြိုးအာဃာတထားခြင်း စသည်တို့ကား မေတ္တာနှင့် ဆန့်ကျင်ဘက် သဘောများပေးတည်း။

မေတ္တာစိတ်ထားနိုင်သူအတွက် ပထမဦးဆုံး ရရှိသည့်အကျိုးမှာ ကိုယ့်စိတ်တွင် အေးငြိမ်းချမ်းသာခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် အစိန္တေယျကြီး ဘုရားရှိခိုး စသော ဘုရားရှိခိုးစာများ ရွတ်၍ ဘုရားရှိခိုးခြင်း၊ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ခြင်း၊ ပဋ္ဌာန်းနိဒ္ဒေသကို ရွတ်ခြင်းတို့ကို နံနက်တိုင်း ဝတ်မပျက်ပြုပါသည်။ ပရိတ်တို့၊ ပဋ္ဌာန်းတို့ ရွတ်သည့်အခါ မိမိစိတ်မှာ ရည်စူးသော သူများအား အထက်ပါ လေးမျိုးအတိုင်း ဘေးရန်ငြိမ်းပါစေ၊ ဆင်းရဲငြိမ်းပါစေ၊ ကြောင့်ကြငြိမ်းပါစေ၊ စိတ်ဝမ်းရွှင်လန်း ချမ်းမြေ့ပါစေ ဟူ၍ စိတ်မှာ ညွှတ်ပြီး ပရိတ်တော် သို့မဟုတ် ပဋ္ဌာန်းဖြင့် ပတ်၍ မေတ္တာပို့ပါသည်။

ပရိတ်၊ ပဋ္ဌာန်းဖြင့် ပတ်၍ မေတ္တာပို့ပုံမှာ မိမိအိမ်၊ မိမိ နေထိုင်ရာ တိုက်၊ မိမိ နေထိုင်ရာ ရပ်ကွက်၊ မိမိ အလုပ်လုပ်ရာ ရုံး၊ မိမိသားများ၏ နေအိမ်၊ မိမိမိတ်ဆွေများ၏ နေအိမ် အစရှိသဖြင့် မိမိ ရည်စူးရာနေရာဌာနနှင့် လူများကို ပရိတ်တော် တစ်ပိုဒ်ကျ (ဥပမာ ရတနသုတ် ရွတ်လျှင် ယံကိဉ္စိဝိတ္တံ ဣဓဝါဟုရံဝါ... စသော အပိုဒ်ဖြင့် တစ်နေရာ၊ ခယံဝိရာဂံအပိုဒ်ဖြင့် တစ်နေရာ အစရှိသည်ဖြင့် တစ်ပုဒ်ကျစီ၊ ပဋ္ဌာန်းလည်း ထိုနည်းလည်းကောင်းဖြင့်) စီဖြင့် ရစ်ပတ် ဖွဲ့နှောင်း၍ ရွတ်သွားကာ မေတ္တာပို့သွားခြင်း ဖြစ်ပါသည်။

ထိုသို့ ပရိတ်၊ ပဋ္ဌာန်းတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း မေတ္တာပို့သော

အလုပ်ကိုပါ လုပ်သွားသဖြင့် ကျွန်တော်သည် ထိုသို့ ရွတ်ဖတ်သရဇ္ဈာယ်နေစဉ်တွင် စိတ်မှာ ငြိမ်းအေးချမ်းသာ ဖြစ်နေလေသည်။ သူတစ်ပါးအပေါ် ကောင်းကျိုးချမ်းသာ ဖြစ်ပါစေဟူသော စိတ်ကို ထား၍ မေတ္တာပွားနေသူသည် ကိုယ် မေတ္တာပို့လိုက်သူက ကိုယ် ဖြစ်စေချင်သည့်အတိုင်း ဘေးရန်ကင်းငြိမ်းခြင်း၊ ဆင်းရဲကင်းငြိမ်းခြင်း စသည် ဖြစ် မဖြစ် တာဝန်မခံနိုင်သော်လည်း ကိုယ့်မှာ ဦးစွာ အရင်ဘေးရန်ကင်း၊ ဆင်းရဲငြိမ်း၊ သောက ငြိမ်းကာ စိတ်ပါ အေးငြိမ်းချမ်းသာ ဖြစ်နေသည်ကတော့ အမှန်ပေပင်။

သို့ရာတွင် ကိုယ် မေတ္တာပို့သူထံ ကိုယ် ပို့လိုက်သော မေတ္တာ မရောက်ဟုလည်း ပြော၍ မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်စိတ်မှာ ရည်၍ မေတ္တာပို့နေသူတွေသည် သူတို့ကို ကျွန်တော် တွေ့လိုက်တိုင်း ကျွန်တော့်အား နှစ်သက်လိုလား ချစ်ခင်သည့် အမူအရာများ ပြသည့်အပြင် ကျွန်တော့်အား သူတို့ တတ်နိုင်ရာနည်းဖြင့် ကူညီရန် အသင့်ရှိနေနေကြသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ကျွန်တော် အရင်ကလည်း ရေးဖူးပါ၏ ။ ပိုက်ဆံကုန်မှ ရနိုင်မည့်အလုပ်မျိုးကို အလုပ်ခန့်ပေးနိုင်သည့် အရာရှိထံ ကျွန်တော်က မေတ္တာကြိုတင် ပို့၍ သွားသောနည်းဖြင့် ကျွန်တော့်တပည့် နှစ်ဦးအား အလုပ်ခန့်ခိုင်းဖူးသည်။ ထိုတပည့်များ ယခု ကျောင်းအုပ်တွေပင် ဖြစ်နေကြတာ ကြာပေပြီ။ ကျွန်တော်သည် ပင်စင်ရလောက်ဖွယ် မရှိ။ သို့ရာတွင် ကျွန်တော့်ပင်စင် ရရေးအတွက် အရေးပါသည့် ပုဂ္ဂိုလ်အား ကျွန်တော် မေတ္တာပို့ပြီး သွားပြောရာ ကျွန်တော် ပင်စင်ရလာသည်။

တော်တော်များများသော ကိစ္စများကို ကျွန်တော် ပိုက်ဆံမကုန်ဘဲ ပြီးမြောက်ခဲ့ပါသည်။ ကျွန်တော်က ပိုက်ဆံလည်း ပေးစရာ မရှိတော့ မေတ္တာပဲ ပေးသည့်နည်းဖြင့် ပြီးမြောက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်မြေး နှစ်ဦး (တစ်ဦးက ခြောက်တန်း၊ တစ်ဦးက ကိုးတန်း

ကျောင်းအပ်ချိန်က ရန်ကုန်မြို့လယ်မှ ကျောင်းကြီးများတွင် တစ်ဦးလျှင် ငါးသိန်း၊ ခြောက်သိန်းလောက်ပေးမှ ဝင်ခွင့်ရသည့် အနေမျိုး ရှိနေခဲ့သည်။ ထိုမြေးနှစ်ဦးအား စိန့်ပေါလ်ကျောင်း (ဗိုလ်တထောင်၊ အထက-၆) တွင် ကျွန်တော် မေတ္တာပေးပြီး ကျောင်းအပ်ရာ ငွေကျပ် ၇၀၀ သာ ကုန်ခဲ့သည်။ သို့ရာတွင် ပိုက်ဆံနှင့် မေတ္တာ ခြားနားသည်မှာ ပိုက်ဆံပေးလိုက်လျှင် ကုန်သွားပြီး မတ္တောက ပေးလိုက်၍ လည်း ကုန်ခန်းမသွားခြင်း ဖြစ်သည်။ မေတ္တာစိတ်ကို မပြတ်ပွားနေလျှင် ထိုမေတ္တာက ပေးလိုက်လည်း မကုန်ဘဲ ကိုယ့်ထံမှာ ရှိမြဲ ရှိနေနိုင်ခြင်း ဖြစ်သည်။

လောကတွင် လိုရာအကျိုးတွေလည်း ပြီးနိုင်ကာ ကိုယ့်မှာလည်း စိတ်ချမ်းသာနေသော နည်း၊ ငွေကြေး အရင်းအနှီးလည်း မလိုသောနည်းမှာ မေတ္တာစိတ် ပွားကာ ကိုယ်နှင့် ပတ်သက်သူ၊ ဆက်ဆံရသူတွေကို မေတ္တာပို့ပေးသောနည်း ဖြစ်ပါသည်။

လူငယ်များ စမ်းကြည့်စေချင်သည်။ မေတ္တာစိတ် ထားတတ်အောင် လေ့ကျင့်ကြည့်ပါ။ လေ့ကျင့်ယူလျှင် မေတ္တာစိတ် ထားတတ်လာလိမ့်မည်။ မေတ္တာစိတ် ထားတတ်လာလျှင် လူတွေကို မေတ္တာနှင့် ဆက်ဆံလာတတ်လိမ့်မည်။ ကိုယ်က မေတ္တာစိတ်ဓာတ်အခံ မှန်စွာနှင့် ဆက်ဆံလိုက်သော သူသည် ကိုယ့်အပေါ် မေတ္တာဖြင့်ပင် တုံ့ပြန်လာလိမ့်မည်။ ဤယုတ္တိသည် ခက်ခက်ခဲခဲ စဉ်းစားစရာ မလိုသော ယုတ္တိ ဖြစ်ပါသည်။ ရူပဗေဒတွင် လာသော သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်သော နိယာမမျိုးဟု ဆိုနိုင်ပါသည်။

မေတ္တာစိတ် ထားလိုသူသည် သူတစ်ပါး၏ အပြစ်ကို မရှုမြင်ရပါ။ သူတစ်ပါး အပြစ်ကို မြင်နေလျှင် ထိုသူ့အပေါ် မေတ္တာထား၍ မရနိုင်ပါ။ ထို့ကြောင့် မေတ္တာပို့ မေတ္တာပွားလိုသူသည် အပြစ်မြင်စိတ်မျိုးကို ဖယ်ခွာထားရသည်။ ခွင့်လွှတ်စိတ်မျိုး မွေးရပါသည်။ တစ်စုံတစ်ရာအပေါ် အပြစ်မမြင်ဘဲ ထိုသူမှာ တစ်စုံတစ်ရာသောအပြစ် တကယ်ရှိသော်လည်း ထိုအပြစ်ကို သူပြုသည်မှာ ဤသို့သော မောဟအဝိဇ္ဇာ ဖုံးလွှမ်းသဖြင့်သာ ဖြစ်လေသည် ဟူ၍ အကြောင်းမှန်ကို

ပညာဉာဏ်ဖြင့် ရှုမြင်ပြီး ခွင့်လွှတ်လိုက်နိုင်လျှင် ထိုသူ့အပေါ် မေတ္တာပို့လို့ ပွားလို့ ရသွားပေသည်။

မေတ္တာစိတ် ထားတတ်လာ၍ မေတ္တာစိတ် အားကြီးလာသည်နှင့်အမျှ ထိုသူသည် စိတ်ခွန်အားတွေ တိုးလာလိမ့်မည်။ တကယ့်သတ္တိတွေ ရှိလာလိမ့်မည်။ မေတ္တာထားတတ်သည့် အခါ အမျက်အငြိုး အမုန်းတရားကို ဖယ်ခွာလာနိုင်သဖြင့် မိမိစိတ်သည် လွတ်မြောက် လာလိမ့်မည်။ စိတ်မှာ လွတ်မြောက်နေသူကို ထောင်ချ၍ မရပါ။ ခန္ဓာကိုယ်သာ အကျဉ်းကျချင် ကျမည်။ စိတ်က လွတ်မြောက်နေတတ်သည်။

ဤသဘောမျိုးတွေကို စိတ်အလေ့အကျင့် လုပ်သူများသာ တကယ်သဘောပေါက် နိုင်သည်။ အချို့အရာများသည် စာဖတ်ထားသော သုတလောက်ဖြင့် တကယ် နှစ်နှစ်ကာကာ သိလို့ မရတတ်ပါ။

ဆောင်းပါး အစ၌ ဖော်ပြခဲ့သော စာအုပ်မှာပင် မေးမြန်းသူ အလန်ကလီးမင့်က ဒေါ်အောင်ဆန်းစုကြည်အား "ခင်ဗျားဟာ ခင်ဗျားပြည်သူတွေရဲ့ ဒီမိုကရေစီတိုက်ပွဲထဲမှာ ပါလာပြီးချိန်က စလို့ ခင်ဗျားရဲ့ ရုပ်ပိုင်းဆိုင်ရာဟာ အာဏာပိုင်တွေ ပြုသမျှ နုခဲ့ရတယ်။ ဒါပေမယ့် နဂတအစိုးရဟာ ခင်ဗျားရဲ့ အတွင်းစိတ်ဓာတ်ကိုရော ဖမ်းဆီးလို့ ရခဲ့ရဲ့လား" ဟု မေးပါသည်။

ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က ဂျော့ အဲလိယတ်ရေးသည့် Middlemarch ဟူသော ဝတ္ထုထဲမှ ဓာတ်ကောင် Dr. Lydgate ၏ စကားကို ကိုးကားပြီး ဖြေပါသည်။ လစ်ဒ်ဂိတ်တို့၏ အိမ်ထောင်ရေးမှာ စိတ်ပျက်ဖွယ်ကောင်းသော အိမ်ထောင်ရေး ဖြစ်သည်။ သို့ရာတွင် ထိုဓာတ်ကောင်က ဤသဘောမျိုး ပြောပါသတဲ့။ "ကျွန်တော့်အတွက် စိတ်ပျက်ဖို့ ကောင်းလှတဲ့ ဒီမယားကို ဆက်ပြီး မချစ်နိုင်တော့တဲ့ အနေမျိုး ဖြစ်သွားမှာကိုသာ ကျွန်တော် ကြောက်ပါတယ်" ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် သူကလည်း (ဒေါ်အောင်ဆန်းစုကြည် ကလည်း) "ကျွန်မ အမြဲတမ်း စဉ်းစားကြည့်ပါတယ်။

ငါဟာ ငါ့ကို ဖမ်းဆီးချုပ်နှောင်ထားတဲ့ နဝတနဲ့ စစ်တပ်ကို မုန်းတီးနေမယ် ဆိုပါက ကိုယ့်ကိုယ်ကို ရှုံးအောင် လုပ်နေသလို ဖြစ်နေမှာပေါ့" လို့ ဖြေပါသည်။

ကျွန်တော်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ လှုပ်ရှားမှုတွင် အနစ်နာခံ တိုက်ပွဲဝင်ကြသော ဒေါ်အောင်ဆန်းစုကြည်ကိုရော ဆရာဦးဝင်းတင်ကိုပါ တကယ်ပဲ လေးစားပါသည်။ သို့ရာတွင် ၎င်းတို့ နှစ်ဦးကို ယှဉ်ကြည့်မိသောအခါ ဆရာဦးဝင်းတင်အတွက် စိတ်မကောင်း ဖြစ်မိသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နေမအိမ် အကျယ်ချုပ်နှင့် နေရစဉ်ကလည်း ကိုယ်ခန္ဓာကသာ အကျဉ်းကျနေပြီး စိတ်က လွတ်မြောက်နေသူ ဖြစ်သည်။ သူ့မှာ မွေးရာပါ အရည်အချင်းကောင်းများ ပါလာပြီး ဖြစ်သော်လည်း သူ ခုလောက် အားကောင်းသည့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေ ရှိလာခြင်းမှာ နဝတ၏ ကျေးဇူးကြောင့်ဟု ဆိုရမည်။

နဝတက ကိုယ့်လိပ်ပြာ ကိုယ်လန့်ပြီး သူ့ကို အကျဉ်းချထားလိုက်သဖြင့် သူ့မှာ ဘာသာရေးစာအုပ်တွေ ဖတ်ဖို့ အချိန်ရသွားသည်။ ဘဝနာကမ္မဋ္ဌာန်း စီးဖြန်းဖို့လည်း အချိန်ရသွားသည်။

ထိုသို့သော အခြေအနေကောင်း ရသွားရာမှ သူသည် သဘောဓမ္မအမှန်တွေကို ရှေးကထက် ပို၍ ကြည်ကြည်လင်လင် မြင်လာသည်။ စိတ်ခွန်အားတွေ ပိုထက်လာသည်။ တကယ့်သတ္တိ (ဗျတ္တိဟုလည်း ဆိုနိုင်ပါသည်) တွေ ပိုအားကောင်းလာခဲ့သည်။ ကျွန်တော် သူ၏ စာအုပ်တွေကို ဖတ်မိရင်း ထိုသို့ မြင်လာမိပါသည်။

သို့ရာတွင် ဆရာဦးဝင်းတင်ကို ကြည့်မြင်ရသည့်အခါ သူ့အား အကျဉ်းထောင်မှ လွှတ်ပေးလိုက်ကြသော်လည်း သူသည် အပြင်တွင် ဆက်လက်အကျဉ်းကျနေဆဲပုံမျိုး ပေါက်နေသည်ကို တွေ့ရသည်။ အလံမလှဲစိတ်ကို ချီးကျူးရသော်လည်း နာကြည်းစိတ်ကို ထွေးပိုက်ထားခြင်းမျိုးကား သူ့အတွက်

အကျိုးမရှိနိုင်ပါပေ။

မေတ္တာတရားသည် အနှောင်အဖွဲ့မှ လွတ်မြောက်စေသောတရား ဖြစ်သည်။ အမုန်းတရား သည် ကိုယ့်ကိုယ်ကို အကျဉ်းကျစေသော တရားမျိုး ဖြစ်ပါသည်။ ခွင့်လွှတ်တတ်ခြင်းက ကိုယ့်ကို တုပ်နှောင်ထားသော နှောင်ကြိုးများကို ဖြတ်တောက်ပစ်နိုင်ပါသည်။

အမုန်းမဖက် ခွင့်လွှတ်တတ်သဖြင့် ထိုသူ့အား ပျော့ညံ့သူဟု မထင်ပါလေနှင့်။ မေတ္တာထားနိုင်လျှင် ကိုယ်ချင်းစာစိတ် အခြေခံဖြင့်ပင် သီလတွေ စောင့်လာနိုင်ပါသည်။ သီလလုံသူသည် စိတ်ဓာတ်ခွန်အားကောင်းများ ရလာသည့်အပြင် ယထာဘူတ ဉာဏ်အမြင်မျိုးပါ ရှင်သန်လာသည်။ ကမ္မဋ္ဌာန်း ဘာဝနာ အလေ့အကျင့်မျိုး လုပ်လိုက်ပါလျှင်ကား သမာဓိပါ အားကောင်းလာပြီး ထိုပညာဉာဏ်အမြင်သည် ပို၍ ရင့်သန်လာပါသည်။

မေတ္တာစိတ်သည် လက်ငင်းဆတ်ဆတ် အကျိုးကောင်း ရနိုင်သော စိတ်မျိုး ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် မေတ္တာစိတ်ကို လေ့ကျင့်မွေးမြူယူထိုက်သည်။ မေတ္တာဓာတ် ကိန်းအောင်လျှင် လောကီအကျိုးတွေ ပြီးလာလိမ့်မည်။ ရသေ့ကြီး ဦးခန္တီ ပြုစုသွားခဲ့သော သာသနိက အဆောက်အအုံတို့၏ တန်ဖိုးသည်ယနေ့ ငွေတန်ဖိုးနှင့် ချင့်တွက်လျှင် ဘီလျံပေါင်း ရာထောင် ရှိနိုင်သည်။ ဦးခန္တီမှာ ဘာမျှ မရှိပါ။ ပုတီးတစ်ကုံးနှင့် မေတ္တာစိတ်သာ ရှိလေသည်။

မြတ်စွာဘုရားသည် ဒေဝဒတ်၏ လုပ်ကြံမှုကို အကြိမ်ကြိမ် ကြုံဖူးသည်။ ဒေဝဒတ်က စေလွှတ်လိုက်သူများကို မေတ္တာလက်နက်ဖြင့်သာ တုံ့ပြန်ခဲ့လေသည်။

မေတ္တာဖြင့်သာ လိုရာအကျိုးကို ပြီးနိုင်ပုံပါတည်း။

အချင်းချင်း မေတ္တာမထားနိုင်ဘဲ ထာဝရငြိမ်းချမ်းရေး မရနိုင်ပါ။ မေတ္တာအရင်းခံဖြင့် သာလျှင် ပြဿနာတွေကို အတကယ်ဖြေရှင်း၍ ရနိုင်ပါသည်။

အင်အားအားကိုးဖြင့် ဖြေရှင်းလာခဲ့ကြသော မြန်မာနိုင်ငံ၏ အနှစ် ၆၀ သမိုင်းနှင့် တိုက်ကြည့်လျှင် ဒေါသအခြေခံသော အကြမ်းနည်းမှာ အလုပ်မဖြစ်ပုံကို တွေ့ကြရပေလိမ့်မည်။

ထို့ကြောင့် ယနေ့လူငယ်များသည် `မေတ္တာထားပါ' ဟူသော စကားကို ဘာသာရေး စကားမျှသာပါ ဟူ၍ အထင်မသေးကြဘဲ မေတ္တာစိတ် တကယ်ရအောင် ထားကြည့်နိုင်ပါက လိုရာအကျိုး အားလုံးပြီးစီးအောင်မြင်လာပါလိမ့်မည်ဟု ဆိုလိုက်ရပါသတည်း။

**Eternal Light မဂ္ဂဇင်း၊ ၂၀၁၃ ခုနှစ်၊ မေလ။**

***